မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၇၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ရဲ့ အန္တရာယ်မှန်သမျှ ပြည်သူတို့နဲ့အတူ လက်တွဲချေမှုန်း

နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်နဲ့ မည်သည့်စီးပွားရေးစနစ်တွေ ကျင့်သုံးသည် ဖြစ်စေ အခြေခံလိုအပ်ချက်ကတော့ နိုင်ငံတော်အေးချမ်းသာယာဝပြောရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနဲ့ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးပဲဖြစ်တယ်။ နိုင်ငံတော်ရဲ့ အန္တရာယ်မှန်သမျှကို ပြည်သူတို့နဲ့အတူ လက်တွဲပြီး ချေမှုန်းကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၆၁)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးရေးအတွက် အထူးစီမံကိန်းများကို အလေးအနက်ထား ဖော်ဆောင် ဗဟို၏ကြီးကြပ်ညှိနှိုင်းမှု၊ ဝန်ကြီးဌာနအားလုံး ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်အောင်မြင်မှုများရရှိနေ အကောင်အထည်ဖော်မည့် စီမံကိန်းကြီးများကိုလည်း အပြန်အလှန်ဆက်စပ်ညှိနှိုင်း ပေါင်းစပ်ကူညီ

ကြိုးပမ်းဖော်ဆောင်နိုင်သည်နှင့်အမျှ နိုင်ငံတော်ကြီးဖွံ့ဖြိုးရေးအခြေခံကောင်းများ ခိုင်မာစွာဖြစ်ထွန်းမည်

နေပြည်တော် မတ် ၂၄

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၇) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဝင်

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ်လ ၂၅ ရက်)

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံကိန်းကြီးများကြိုးပမ်းဖော်ဆောင်

ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းလုပ်ငန်း အများအပြား တိုးချဲ့တည်ဆောက်ပေးလျက် ရှိသည်။ စီမံကိန်းများကို တည်ဆောက် ဖော်ဆောင်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် လမ်းများ၊ တံတားများ၊ ရေလှောင်တမံများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ စက်မှုလုပ်ငန်းများစသည့် အခြေခံအဆောက်အအုံများ အောင်မြင်စွာ ပေါ်ထွန်းလာပြီ ဖြစ်သည်။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အထူးစီမံကိန်းလုပ်ငန်းကြီးများသည် အထူးအရေးပါလျက်ရှိရာ သာမန်လုပ်ရိုးလုပ်စဉ် သဘောမျိုးထက် မိမိတို့၏ အင်အားများကို စုစည်းပြီး အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်သည်။ ထို့ကြောင့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းကာ စီမံကိန်းလုပ်ငန်းကြီးများကို ပေါင်းစပ်တည်ဆောက်ခဲ့သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရမည့် စီမံကိန်းများသည် ငွေကြေးပမာဏ များပြားပြီး လုပ်ငန်းပမာဏကြီးမားသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုတည်းသာမက ပေါင်းစပ်မှု၊ ကြပ်မတ်စီမံမှုတို့ဖြင့် စုပေါင်းလုပ်ကိုင်လျက် ရှိသည်။

ကုန်ကျစရိတ်များကို ကျစ်ကျစ်လျစ်လျစ်ဖြင့် ခြိုးခြံချွေတာသုံးစွဲပြီး အကုန်အကျသက်သာစွာ အချိန်စောဆောင်ရွက်ပြီးစီးသည်နှင့်အမျှ စီမံကိန်း၏အကျိုးသက်ရောက်မှုကို ပြည်သူများ ဆောလျင်စွာ ခံစားနိုင်ကြမည် ဖြစ်သည်။ ပြည်သူများ၏အကျိုးအတွက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာတွင် အရေးကြီးသော စီမံကိန်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက် ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတည်ဆောက်ရာတွင် အထူးစီမံကိန်း လုပ်ငန်းကြီးများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် အရေးပါလျက်ရှိရာ သက်ဆိုင်ရာဌာနများက အင်တိုက်အားတိုက် ကြိုးစားဖော်ဆောင်ကြသည်နှင့်အမျှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်မာသည့်အခြေခံကောင်းများ ပိုမိုဖြစ်ထွန်းလာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

သီးနှံများ တိုးချဲ့စိုက်ပျိုး ပန်းတိုင်အထွက်နှုန်းမီအောင်ကြိုးပမ်း

ရန်ကုန် မတ် ၂၄

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မတ် ၁၆ ရက်က ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကလော့သော့ကျေးရွာရှိ ပြည်ထဲရေးဝန်ကြီးဌာန၏ ဧက ၁၅၀၀ ငါးမွေးမြူရေး အလုပ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ အလုပ်စခန်းတာဝန်ခံ အရာရှိ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးကျော်က လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်က တာပေါင်ပြုပြင်ခြင်း၊ အလုပ်စခန်းရှိဝန်ထမ်းများ၊ ရဲဘက်လုပ်အားရှင်များအား ထောက်ပံ့ပေးအပ်မှု အခြေအနေများ၊ ငါးမွေးမြူထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် အကျဉ်းဦးစီးဌာန၏ အမှတ်(၂) စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့ ရောက်ရှိရာရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးခင်စိုးက စခန်းတွင် စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက မိုးစပါးနှင့် နွေစပါးများ စိုက်ပျိုးမှု၊ အခြားသီးနှံများဖြစ်သော ဖရဲ၊ ဂေါ်ဖီ၊ ခရမ်း၊ ငရုတ်၊ မတ်ပဲများ စိုက်ပျိုးမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဝန်ကြီးက သီးနှံများ တိုးချဲ့စိုက်ပျိုးသွားရန်၊ ပန်းတိုင်အထွက်နှုန်းမီအောင် ကြိုးပမ်းကြရန် ပြောကြားကာ စခန်းရှိ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၀၇ (တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ မိဘလုပ်ကျွေးဘေးရန်ဝေး တရားတော် (ဒုတိယပိုင်း) [နိုင်ငံကျော်ဓမ္မကထိက ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)]
၇:၅၀ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ ကြည့်စွအယူ ခန္ဓာ့အလှူဓမ္မနှင့်လူ
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ နိုင်ငံတကာအနုပညာရေးရာ
၉:၄၅ တေးဂီတအစီအစဉ်
၉:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀ ပညာအလှူပေးဝေလှူမယ် "ဆုကြီးပန်တောင်ပေါ်ဝယ်"
၁၀:၁၀ Music Talk(ဂီတမှူး အကယ်ဒမီ ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၀:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၅ အသည်းရောဂါဆိုတာဘာလဲ (အပိုင်း-၁) (ဒေါက်တာခင်မောင်ဝင်း)
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ကျွဲကောသီး)
၁၁:၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၅ နည်းပညာသစ်ဆန်း ပြည်တွင်းလျှပ်စစ်ရဲ့အစွမ်း
၁၂:၁၅ တေးဂီတအစီအစဉ်
၁၂:၂၀ မိုးလေဝသခန့်မှန်းချက်
၁၂:၂၅ ရှေးမှုမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၅ ICT CARAVAN (2007) (ဘားအံခရီးစဉ်)
၁၂:၅၅ တေးဂီတအစီအစဉ်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီ အထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရောဝတီတိုင်း မအူပင်မြို့ ဘုရားလမ်းနေ ဒေါ်အနီအား ရည်စူး၍ ကိုတွာတူး -မတူးတူး မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ တွဲဖက်ဘဏ္ဍာ ရေး မှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၅-၃-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၂၅ ၅။ ကျန်းမာသုတ
၁၂:၃၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **လွင့်မျောသွားသော အတွေးများ**
၁၃:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၃၃)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **(၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း အဖေတူသား (အပိုင်း-၃) အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း(Examplez) အကယ်ဒမီ နန္ဒာလှိုင်၊ အကယ်ဒမီ မေသဉ္ဇာဦး၊ အကယ်ဒမီ ပန်းဖြူ၊ သက်မွန်မြင့် (ဒါရိုက်တာ- အကယ်ဒမီ ပန်းချီစိုးမိုး)**

ကျောဖုံးမှ

ကြီးများ၊ Country Coordinating Bodyမှအဖွဲ့ဝင်များ၊ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်နှင့် INGO များမှ တာဝန်ရှိသူများ၊ အမျိုးသားတီဘီ တိုက်ဖျက်ရေး စီမံကိန်းဗဟိုနှင့် ကျန်းမာရေးဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်များ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ၊ သူနာပြုများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမှာစကားပြော

အခမ်းအနားတွင် ရှေးဦးစွာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့သည် တီဘီရောဂါပိုးကို စတင်တွေ့ရှိခဲ့သည့် အထိမ်းအမှတ်အဖြစ် မတ်၂၄ရက်ကို သတ်မှတ်ပြီး ၁၉၉၆ခုနှစ်ကစတင်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ခဲ့သည်ဟု သိရကြောင်း၊ တီဘီရောဂါသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကတည်းက ကမ္ဘာပေါ်ရှိ လူသားများထဲတွင် ဖြစ်ပွားခဲ့သော ရောဂါတစ်ခုဖြစ်ပြီး အစွမ်းထက်သည့် ဆေးဝါးများပေါ်လာသည့်ကြားကာလတစ်ခုတွင် အနည်းငယ်လျော့ပါးသွားသယောင်ရှိခဲ့ကြောင်း၊ သို့သော်လည်း မကြာခင်ကာလများက ကမ္ဘာပေါ်တွင် ပြန်လည်ခေါင်းထောင်လာသည့် ရောဂါတစ်ခုအဖြစ် ကြားသိခဲ့ရကြောင်း၊ အထူးသဖြင့် ယနေ့ကမ္ဘာပေါ်တွင် ခြိမ်းခြောက်နေသည့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်ပြန့်ပွားမှု များပြားလာသည့်အတွက် တီဘီရောဂါသည်ပိုပြီး ကြောက်ရွံ့ဖွယ်ရောဂါတစ်ခုဖြစ်လာခဲ့ကြောင်း။

နာတာရှည်ရောဂါ

ယခင်က တီဘီရောဂါဖြစ်ပွားသူသည် နှစ်ရှည်လများ ဆေးထိုး၊ ဆေးစားရသည့်ရောဂါတစ်ခုဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် နာတာရှည်မြစ်ခြောက်ရောဂါဟု သိကြသည့် တီဘီရောဂါဖြစ်လျှင် မိသားစုအတွင်း အလုပ်မလုပ်နိုင်၍ ဝင်ငွေလျော့နည်းရသလို၊ ဆေးကုသရသည့် စရိတ်စကကုန်ကျမှုကြောင့်လည်း မိသားစုစီးပွားရေးကိုပါ ထိခိုက်လာခဲ့ကြောင်း၊ ယခုအခါ DOTS ဟု ခေါ်သည့် တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု နည်းဗျူဟာနှင့် အစွမ်းထက်သည့် ဆေးဝါးများပေါ်ပေါက်လာခဲ့၍ တီဘီရောဂါဝေဒနာရှင်များသည် အချိန်တိုအတွင်း၌ ဆေးဝါးကိုအခမဲ့ကုသခွင့်ရရှိကြပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အကျိုးခံစားရမှုများသည် သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်လာမှု တစ်ခုတည်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ၊ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ခဲ့သည့်အပြင် လူမှုရေးအသင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီပြီး စေတနာ့ဝန်ထမ်းလူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက်ကြောင့်လည်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နည်းပညာပိုင်းဆိုင်ရာတွင် တိတိကျကျ ခိုင်ခိုင်မာမာ စီမံခန့်ခွဲဆောင်ရွက်ခဲ့သည့်အတွက် တီဘီရောဂါကူးစက်သူ ဝေဒနာရှင်များကို စောစောတွေ့ရှိနိုင်အောင် ရှာဖွေစစ်ဆေးမှုများကို လျာထားချက်ဖြစ်သည့် ၇၀ရာခိုင်နှုန်းကိုကျော်လွန်ပြီး ၉၅ရာခိုင်နှုန်းရသည်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရကြောင်း၊ တီဘီရောဂါဝေဒနာရှင်များကို စနစ်တကျဆေးကုသမှုခံယူရန် နည်းဗျူဟာများချမှတ်ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း။

ပူးပေါင်းဆောင်ရွက်

DOTS နည်းဗျူဟာသည် အချိန်ခြောက်လမှ ရှစ်လအတွင်း ရောဂါပျောက်စေရန် ဆေးကိုနေ့စဉ်အချိန်မှန်မပျက်မကွက် သောက်ရန် လိုအပ်ကြောင်း၊ ဆေးကိုမှန်မှန်မသောက်လျှင် ဆေးယဉ်ပါးသည့် ရောဂါပိုးအဖြစ်ပြောင်းလဲသွားတတ်သဖြင့်တီဘီဝေဒနာရှင်များ ဆေးမှန်မှန် သောက်ခြင်းသည် မိမိရောဂါ ပျောက်ကင်းရန်သာမက ဆေးယဉ်ပါးသည့် တီဘီရောဂါများကူးစက်ဖြစ်ပွားမှုကကာကွယ်ခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် လူနာများဆေးမှန်မှန်သောက်စေရန် မိသားစုဝင်များနှင့်အတူ လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များနှင့် အထွေထွေရောဂါကုဆရာဝန်များဝိုင်းဝန်းကူညီပေးကြပါရန် တီဘီရောဂါ တားဆီးကာကွယ်ရေးတွင် ပြည်သူလူထုတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလေးထားကာကွယ်

ထို့ကြောင့် ယခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ကမ္ဘာလုံးကို လှုံ့ဆော်ပညာပေးရာတွင် "TB Anywhere is TB Everywhere" "တီဘီရောဂါကင်းဝေးဖို့ အားလုံးမနေး ဆောင်ရွက်စို့" ဆိုသည့် ဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ဆိုလိုသည်မှာ ကမ္ဘာပေါ်တွင်ရှိသည့် တစ်နေရာရာတွင် တီဘီရောဂါဖြစ်ပွား ကူးစက်မှုရှိနေပါက တစ်ကမ္ဘာလုံးကို ကူးစက်နိုင်ခြင်းကြောင့် ဒေသတိုင်း၊ တိုင်းပြည်တိုင်းက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အသိပေးလို၍ ဖြစ်ကြောင်း။ ထို့အတူ တီဘီရောဂါသည် မိမိတို့ တိုင်းပြည်က ဒေသတစ်ခုခု၊ တစ်အိမ်အိမ်မှာ ရှိနေခဲ့ပါကလည်း အခြားဒေသ၊ အခြားမိသားစုဝင်များဆီကို ကူးစက်ပျံ့နှံ့နိုင်သည့်အတွက် လူတိုင်းသည် အလေးထားပြီး တီဘီရောဂါ ကာကွယ်ရေးအတွက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကူညီဆောင်ရွက်

တီဘီရောဂါ ကာကွယ်နှိမ်နင်းသည့်အခါတွင် DOTS ဟု ခေါ်သည့် "တိုက်ရိုက်ကြည့်ရှုအချိန်တိုနဲ့ကု" နည်းဗျူဟာကိုတစ်ကမ္ဘာလုံးလိုက်နာကျင့်သုံးလျက်ရှိကြောင်း။ ဤနည်းဗျူဟာအရ တီဘီရောဂါ ကူးစက်ဖြစ်ပွားမှုကို တတ်နိုင်သမျှ အစောဆုံးသိရှိစေရန် လူနာများကို ရှာဖွေရေးနှင့် ရောဂါကူးစက်ဖြစ်ပွားနေသည့် လူနာများကို ထိထိရောက်ရောက် ကုသမှုခံယူနိုင်စေရန် ဆောင်ရွက်ပေးရေးသည် အဓိကကျကြောင်း သိရကြောင်း၊ ထို့ကြောင့် လူနာသစ်များကို ရှာဖွေရာတွင် (၃)ပတ်ထက်ကျော်အောင် ချောင်းဆိုးနေသူများသည် နီးရာ ကျန်းမာရေး ဌာနများတွင် လာရောက် သလိပ်စစ်ဆေးခံယူရန်နှင့် ရောဂါကူးစက်ခံနေရသောသူများသည် ကုသမှုကို မပျက်မကွက် လာရောက်ခံယူကြရန် ကျန်းမာရေးဝန်ကြီးဌာနက လှုံ့ဆော်ပညာပေးနေသည်ကို တွေ့ရပါကြောင်း၊ ထိုကဲ့သို့ တီဘီဝေဒနာရှင်များကို စောစောရှာတွေ့စေရန်နှင့် နေ့စဉ်မှန်မှန် ဆေးသောက်ရန် အတွက် ကြီးကြပ်တိုက်ကျွေးပေးရန် ပြည်သူလူထုအတွင်း၌ရှိသည့် လူမှုရေးအသင်းအဖွဲ့များ၊ မိသားစုများက ဝိုင်းဝန်းတိုက်တွန်းပြီး ကြီးကြပ်ကူညီကြရမည်ဖြစ်ကြောင်း၊ယခုလည်းလူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုက အင်တိုက်အားတိုက် ကူညီဆောင်ရွက်နေကြသည်ကိုသိရသည့်အတွက် နိုင်ငံတော် အနေနှင့် ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုကြောင်း။

သုတေသနပြု

တီဘီရောဂါကို စမ်းသပ် ရှာဖွေသည့်အခါ သလိပ်စစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းပြုလုပ်ရပြီး ဆေးဝါးများကလည်း အတော်အသင့် ကုန်ကျစရိတ်ရှိရာ ရောဂါပျောက်ကင်းမှု အတွက် ပြန်လည် စမ်းသပ်ရသည့် အခါတွင်လည်း သလိပ်စစ်ခြင်းတို့ အကြိမ်ကြိမ်ပြုလုပ်ရသည့်အတွက်ကုန်ကျစရိတ်များရှိသည့်အပြင် ဆေးယဉ်ပါးသည့် ရောဂါပိုးများကို နှိမ်နင်းနိုင်သော ဆေးဝါးသစ်များ၊ အစွမ်း ထက်သော တိုင်းရင်းဆေးများကို ဖော်ထုတ်နိုင်ရန် သုတေသနလုပ်ငန်းများလည်း ပြုလုပ်ကြရမည်ဖြစ်ကြောင်း။

ကာကွယ်နှိမ်နင်း

မြန်မာနိုင်ငံတွင် တီဘီရောဂါ ကာကွယ်နှိမ်နင်းသည့်အခါနေရာဒေသမရွေး၊ လူမျိုးဘာသာမရွေး တောရောမြို့ပါတီဘီရောဂါရှာဖွေကုသနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ တစ်ကမ္ဘာလုံး လိုက်နာကျင့်သုံးနေသည့် နည်းဗျူဟာများအတိုင်း မိမိတို့တိုင်းပြည်နှင့် လိုက်လျောညီထွေစေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းလည်းသိရကြောင်း။

သို့မှသာ တီဘီရောဂါ ကူးစက်မှုတဖြည်းဖြည်းလျော့နည်းပြီး ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ကနေ ကင်းဝေးသွားမည် ဖြစ်ပါကြောင်း။

ပညာပေး

ထို့ကြောင့် တီဘီရောဂါ တားဆီးကာကွယ်သည့် နေရာတွင် လက်ရှိအသုံးပြုနေသည့် DOTSနည်းဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၏ ပံ့ပိုးကူညီမှုလည်း လိုမည်ဖြစ်ကြောင်း။ ပြည်သူလူထုတစ်ရပ်လုံးအတွင်း တီဘီရောဂါ မကူးစက်အောင် နေထိုင်တတ်ရေးနှင့် တီဘီရောဂါဖြစ်ပွားလာပါကလည်းထိရောက်စွာ ကုသမှုခံယူနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် နည်းမျိုးစုံ၊ မီဒီယာမျိုးစုံ အသုံးပြုပြီး ပညာပေးကြရန်လည်း လိုအပ်ကြောင်း။ တီဘီရောဂါ ကူးစက်မှုကို ပိုမိုဆိုးရွားစေသော HIV/AIDS တားဆီးကာကွယ်ရေးတွင်လည်း ဝိုင်းဝန်းလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း။

၂၀၀၇ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

လုံးဝပပျောက်

နိဂုံးချုပ်အနေနှင့် ယနေ့ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့တွင် အထူးတိုက်တွန်းပြောကြားလိုသည်မှာ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရှင်များ၊ လူနာနှင့်မိသားစုများ၊ကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကဆေးကုမ္ပဏီများနှင့် ပြည်သူလူထုကြီးတစ်ရပ်လုံးအနေနှင့် လူသားများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် တီဘီရောဂါကမ္ဘာပေါ်မှ လျော့နည်းသွားရာက လုံးဝပပျောက်သွားစေရန် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်သွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်ရှိ လူများကို ခြိမ်းခြောက်အန္တရာယ်ပေးနေသည့် တီဘီရောဂါသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ နီးပါးကစပြီး လူသားများကို စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း။ ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာ ရောဘတ်ကော့(ချ်) သည် ရောဂါဆိုးကြီးကို ဖြစ်ပွားစေသည့် တီဘီပိုးကို ၁၈၈၂ခုနှစ်မှာ ပထမဦးဆုံးစတင် တွေ့ရှိသူဖြစ်ပြီး ၎င်းကို ဂုဏ်ပြုသည့်အနေနှင့် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ၁၉၉၆ ခုနှစ်မှစ၍ နှစ်စဉ် မတ် ၂၄ ရက်မှာ ကျင်းပခဲ့ရာ ယနေ့အထိပင်ဖြစ်ကြောင်း။

ပါဝင်

ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ်တီဘီရောဂါဖြစ်ပွားသူ ကိုးသန်းခန့်ရှိပြီး သေဆုံးသူ နှစ်သန်းခန့်ရှိကြောင်း၊ တီဘီရောဂါဖြစ်ပွားသူများ၏ ၇၅ရာခိုင်နှုန်းသည် အသက်၁၅နှစ်မှ ၅၄နှစ် ကြားအရွယ်ရှိသူများဖြစ်ကြ၍ တိုင်းပြည်၏ကုန်ထုတ်စွမ်းအား အများဆုံးပေးနိုင်သည့်အုပ်စု၌ ဖြစ်ပွားနေသည်ကိုတွေ့ရကြောင်း။ ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်သာ အရှေ့တောင်အာရှဒေသနိုင်ငံများတွင် နေထိုင်ကြခြင်း ဖြစ်ကြောင်း၊ သို့သော် တီဘီရောဂါ ဖြစ်ပွားသည့်လူနာများ၏ ရာခိုင်နှုန်း၄၀ခန့်သည် အရှေ့တောင်အာရှဒေသမှသူများ ဖြစ်ကြကြောင်း၊ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု၏ ၈၅ရာခိုင်နှုန်း၌ သေဆုံးသူများ၏ ၉၈ရာခိုင်နှုန်းသည် အရှေ့တောင်အာရှ ငါးနိုင်ငံဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာပေါ်တွင် တီဘီအဖြစ်အများဆုံး ၂၂ နိုင်ငံထဲတွင် ပါဝင်လျက်ရှိကြောင်း။

အောင်မြင်အောင်ကြိုးပမ်း

နိုင်ငံတော်အနေနှင့် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ရန်ပုံငွေကို ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ကျပ်သန်းပေါင်း ၁၄၅သန်းမှ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကျပ်သန်း ပေါင်း၁၇၅သန်း အထိ တိုးမြှင့်သုံးစွဲခဲ့ကြောင်း တီဘီရောဂါတိုက်ဖျက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော အစွမ်းထက်သည့် တီဘီဆေးဝါးများ အဆက်မပြတ် ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေနှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း၏ ၂၀၀၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အထိ အကောင်အထည်ဖော်မည့် National Strategic Plan ငါးနှစ်စီမံကိန်းကိုရေးဆွဲပြီး လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သဝဏ်လွှာဖတ်ကြား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က WHO အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားစဉ်။

(သတင်းစဉ်)

ပြန်လည်သတင်းပို့

ယနေ့ ၂၀၀၇ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်တွင် ကျင်းပနေသကဲ့သို့ပြည်နယ်နှင့်တိုင်း အသီးသီးတွင်လည်း ကျင်းပမည်ဖြစ်ကြောင်း၊ အခြေခံကျန်းမာရေး ဝန်ထမ်းများ ဦးဆောင်ပြီး လူမှုရေးအဖွဲ့အစည်းများနှင့်အတူပြည်သူလူထုအား ကျန်းမာရေး အသိပညာပေးခြင်း၊ သံသယ တီဘီလူနာများအား ဖော်ထုတ်ခြင်း၊ ဆေးသောက်ပျက်ကွက်သူများကို ဖော်ထုတ်၍ ဆေးကုသမှုဆက်လက်ခံယူစေခြင်း၊ လူနာနှင့်အတူမိသားစုများအား ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ယနေ့ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နီးနွယ်ဝန်ကြီးဌာနများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် နေရာကဏ္ဍအသီးသီးမှ လူတိုင်း လူတိုင်းက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်တီဘီရောဂါကို နှိမ်နင်းနိုင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က WHO အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

စာတမ်းဖတ်

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ နည်းဗျူဟာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံ၏ တီဘီတိုက်ဖျက်ရေး ကွင်းဆင်းစစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund)အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၊ တီဘီရောဂါ စစ်တမ်းကောက်ယူခြင်း မှတ်တမ်း ဓာတ်ပုံများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် JICAတို့ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၆ခုနှစ် တီဘီရောဂါဆိုင်ရာသုတေသနစာတမ်းဖတ်ပွဲဆုများ၊ စာတမ်းများ၊ တီဘီရောဂါရှာဖွေသည့် သင်ကြားရေးဆိုင်ရာ အဏုကြည့်မှန်ပြောင်းများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ခေတ်မီတပ်မတော် တည်ဆောက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

တပ်မတော်သည် ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကို ပြည်သူတို့နှင့်အတူ ဆင်နွှဲခဲ့သည်။ တပ်မတော်သည် အင်အားကြီးမားသောဖက်ဆစ်ကို ပြည်သူ့စစ်ကို အခြေခံဖြင့် မြန်မာ့မြေပေါ်မှ အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သည်။ ယင်းနောက် ဗြိတိသျှနယ်ချဲ့၏ ကိုလိုနီထမ်းပိုးအောက် ကျရောက်နေသော မြန်မာနိုင်ငံအား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းများအား ၁၉၄၉-၅၀ခုနှစ်တွင်လည်းကောင်း၊ ၁၉၅၉-၆၀ ခုနှစ်တွင်လည်းကောင်း၊ ၁၉၆၂-၇၄ခုနှစ်တွင်လည်းကောင်း ဖြေရှင်းဆောင်ရွက်ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ခဲ့သည်။ ပြည်ထောင်စုကြီး မပြိုကွဲစေရန် ထိန်းသိမ်းခဲ့သည်။ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည်။ ဤသည်တို့မှာ တပ်မတော်၏ သမိုင်းဝင် အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ ဖြစ်သည်။

တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများသည် ထာဝရရှင်သန် ဖြစ်တည်လျက်ရှိသည်။ နိုင်ငံတော်နှင့် တစ်မျိုးသားလုံးအပေါ်တွင် တပ်မတော်သည် အမျိုးသားရေးသစ္စာကို စောင့်သိရိုသေခဲ့သည်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူခဲ့ရခြင်းသည် ဖရိုဖရဲဖြင့် ပြိုကွဲတော့မည့် ပြည်ထောင်စုကြီးကို ကာကွယ်ထိန်းမတ်လိုက်ခြင်းဖြစ်သည်။ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့် အန္တရာယ်မကျ အချိန်မီကာကွယ်လိုက်ခြင်းပင်ဖြစ်သည်။ ထိုစဉ်ကာလက နိုင်ငံတွင် စည်းမဲ့ကမ်းမဲ့ မင်းမဲ့စရိုက်များ လွှမ်းမိုးလာသည့်အပြင် အုပ်ချုပ်ရေးမဲ့၊ အစိုးရမဲ့သကဲ့သို့ ဖြစ်ခဲ့သည်။ ယင်းအခြေအနေကို ထိန်းသိမ်းရန် တစ်ခုတည်းသော အမျိုးသားရေး အင်အားစု ဖြစ်သည့် တပ်မတော်က မလွှဲမရှောင်သာဘဲ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရခြင်း ဖြစ်သည်။ ဤသည်မှာ အမျိုးသားရေး သစ္စာတရားကို စောင့်သိရိုသေခြင်းပင် ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို ဦးတည်ချက်ရှိရှိဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်က နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို တစ်မျိုးသားလုံး၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်နေခြင်း ဖြစ်သည်။ ယင်းရည်မှန်းချက်ပန်းတိုင် တည်ဆောက် အောင်မြင်ရေးအတွက် တပ်မတော်အစိုးရသည် အမျိုးသားရေးမူဝါဒအဖြစ် ဒို့တာဝန် အရေးသုံးပါးကို လည်းကောင်း၊ အမျိုးသားရေး ဦးတည်ချက်ဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကိုလည်းကောင်း ချမှတ်ပြီး ပြည်သူတို့နှင့်အတူ ကြိုးပမ်းအကောင်အထည် ဖော်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေရပြီး ဖြစ်သည်။ မည်သည့်အစိုးရ အဆက်ဆက်ကာလတွင်မျှ မမြင်ရ၊ မတွေ့ရသောမြစ်ကူးတံတားကြီးများအပါအဝင် လမ်းတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ စီးပွားရေးအဆောက်အအုံများ၊ မြို့ပြအဆောက်အအုံ တိုက်တာအိမ်ရာများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ် အဆင့်မြင့်ပညာကျောင်းများ၊ ဆေးရုံဆေးခန်း စသည်များသည် နိုင်ငံအနှံ့ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဖြစ်ထွန်းပေါ်ပေါက်လျက် ရှိသည်။

ဤတွင် အလျဉ်းသင့်လာသဖြင့် တပ်မတော်အစိုးရက နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပကတိအရှိတရားကို အကျဉ်းမျှဖော်ပြလိုပါသည်။ ၁၉၈၈ ခုနှစ်တွင် မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်း၊ အထက်တန်း၊ အခြေခံပညာသင်ကျောင်းပေါင်း ၃၃၇၄၇ကျောင်း ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၄၀၅၂၅ ကျောင်းရှိလာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အခြေခံပညာဆရာအင်အားမှာ ၁၇၃၇၇၂ ဦးရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၂၄၁၈၅၄ဦး ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အခြေခံပညာကျောင်းသားအင်အား ၅၂၃၉၈၇၈ ဦး ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၇၇၉၉၀၅၃ဦး ရှိလာခဲ့သည်။

ထို့အတူပင် တက္ကသိုလ်နှင့်ကောလိပ် ကျောင်းများသည် ၁၉၈၈ခုနှစ်က ၃၂ကျောင်းရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ၁၆၁ကျောင်းအထိ ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် အဆင့်မြင့်ပညာသင် ဆရာ ဆရာမ အင်အားမှာ ၅၆၃၈ဦးရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင်

ကြယ်ဖြူ

၁၀၂၅၄ဦးရှိလာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် ပညာသင်ကျောင်းသား အင်အားမှာ ၁၃၄၃၂၅ ဦးရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၇၀၅၇၈၄ဦး ရှိလာခဲ့သည်။ ယင်းအပြင် ၁၉၈၈ခုနှစ်တွင် အဆင့်မြင့်ပညာ ပထမဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဂုဏ်ထူးတန်း၊ မဟာဘွဲ့၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းပေါင်း ၇၉ခုရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၁၉၂ခု ရှိလာခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ၁၉၈၈ ခုနှစ်တွင် ဆေးရုံဆေးခန်း၊ ကျန်းမာရေးဌာနခွဲတို့မှာ ၂၁၂၃ခုရှိခဲ့ပြီး ၂၀၀၅ခုနှစ်တွင် ၂၆၁၁ခု ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်းပေါင်း ၃၃၈၃၀ ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၆၀၂၂၉ဦး ရှိလာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းပေါင်း ၁၀ကျောင်းမျှသာ ရှိခဲ့ပြီး ၂၀၀၅ခုနှစ်တွင် ၃၇ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်လာနိုင်ခဲ့သည်။ ယင်းအပြင် ပြည်တွင်း၌ တိုးချဲ့သင်ကြားပေးနေသော ဘာသာရပ်ဆိုင်ရာများ ဖြစ်သည့် ဝန်ထမ်း ဆရာဝန်များအတွက် အဆင့်မြင့်ဆေးလက်တွေ့ပါရဂူ ဘွဲ့လွန်သင်တန်း(ဘာသာရပ်)၊ ဝန်ထမ်းဆရာဝန်များအတွက် ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့သင်တန်း (ဘာသာရပ်)၊ ဝန်ထမ်းဆရာဝန်များအတွက် ဆေးပညာမဟာသိပ္ပံသင်တန်း၊ ဝန်ထမ်းဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာသင်တန်း၊ ပြင်ပဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာသင်တန်း၊ ပြင်ပဘွဲ့ရများအတွက် ဒီပလိုမာသင်တန်းများသည် ၁၉၈၈ ခုနှစ်အထိ လုံးဝဖွင့်လှစ်ပို့ချ သင်ကြားနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ၂၀၀၅ခုနှစ်တွင် ယင်းဘွဲ့လွန်ဆေးပညာသင်တန်းပေါင်း ၉၄ခုအထိ တိုးချဲ့ဖွင့်လှစ်သင်ကြားလာနိုင်ခဲ့သည်။

ယင်းမှာ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ထိရောက်စွာ အလေးထားသုံးစွဲလျက်ရှိသည်ကို လေ့လာတွေ့ရှိရန် အကျဉ်းမျှ ဖော်ပြခြင်းသာ ဖြစ်သည်။ အခြားသောကဏ္ဍ အသီးသီးတွင်လည်း ဘက်စုံတည်ဆောက်မြှင့်တင်ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

မြေပေါ်မြေအောက် သယံဇာတအရင်းအမြစ်များ၊ ရေသယံဇာတ အရင်းအမြစ်များကိုလည်း တိုးချဲ့တူးဖော် ထုတ်လုပ်အသုံးချပြီး နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများကို ယင်းသို့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သကဲ့သို့ နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်ကြီး ဖြစ်တည်လာစေရန် တည်ဆောက်လျက်ရှိသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်ဖြစ်ရာ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ရန် အတွက် ခေတ်မီတပ်မတော်တစ်ရပ် မရှိမဖြစ် တည်ရှိရန် လိုအပ်ပေသည်။

ထို့ကြောင့်ပင် တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဘက်စုံကဏ္ဍစုံ မြှင့်တင်ဆောင်ရွက်ပြီး အဆိုပါ အမျိုးသားရေး အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်လည်း အခြားတစ်ဖက်တွင် တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေခြင်းပင်ဖြစ်သည်။ ခေတ်မီတပ်မတော် ဖွဲ့စည်းရေး၏ အဓိက ရည်မှန်းချက်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဆောင်ရွက်နေခြင်းသာ ဖြစ်သည်။

စင်စစ်၊ မည်သည့်နိုင်ငံမဆို မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့်အတူ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ထိန်းသိမ်းကာကွယ်ရန်အတွက် မိမိတို့၏ တပ်မတော်ကို အင်အားခိုင်မာတောင့်တင်းပြီး စွမ်းရည်ထက်မြက်အောင် လေ့ကျင့်ထူထောင်ကြစမြဲဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်တွင် တပ်မတော်သည် အပါအဝင်ဖြစ်သည်။ နိုင်ငံတော်၏ လက်ရုံးသည် တပ်မတော်

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေ ကာကွယ်ရေးတို့နှင့်အတူ အမျိုးသားရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် ကမ္ဘာ့အလယ်တွင် အဝွန့်ရှည်စွာ တည်တံ့ရေးတို့သည် မျက်မှောက်မြန်မာနိုင်ငံသမိုင်းခေတ်၏ အမျိုးသားရေး တာဝန်ပင်။

ယင်းအမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် နိုင်ငံတော်၏ ကျောရိုးမဏ္ဍိုင်သဖွယ် တည်ဆောက်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို တိုက်ကြီးမြို့နယ်၌ လမ်းသစ်ဖွင့်ပွဲများကျင်းပ

ရန်ကုန် မတ် ၂၄

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ တဘူးရေသိုးကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းနှင့် ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ရက်က အဆိုပါ လမ်းသစ်ထိပ် မုခ်ဦး၌ကျင်းပရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်နှင့် လမ်း၊ တံတားအလှူရှင် ဦးဖိုးတူတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။ အဆိုပါ လမ်းသစ်ဖောက်လုပ်ပေးခြင်းဖြင့် ကျေးရွာအုပ်စု နှစ်အုပ်စု၊ကျေးရွာ ၁၉ရွာတို့ရှိ ကျေးလက်နေပြည်သူများ သွားလာမှုပိုမိုအဆင်ပြေ ချောမွေ့စေမည် ဖြစ်ကြောင်းနှင့် အဆိုပါ လမ်းသစ်၏ မြေသားလမ်းမှာ အရှည်လေးမိုင် နှစ်ဖာလုံ ဂဝံလမ်းမှာတစ်မိုင်၊ ၃၆ ပေ x ၁၂ ပေ အုတ်ခုံခံ သစ်သားတံတား တစ်စင်းတို့ကို ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

ရွှေတောင်လမ်း

အလားတူ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုက်ကြီးမြို့နယ် ဈေးရပ်ကွက်ရှိ ရွှေတောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ရက်က အဆိုပါလမ်းသစ်ထိပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က အမှာစကား ပြောကြားကြပြီး ရပ်ကွက်ပြည်သူဦးလှတင်က ကျေးဇူးတင်စကားပြောကြား၍ လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံငယ်များကို တာဝန်ရှိသူများအား ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးဟန်စိန်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ၄၅၀၊အကျယ်၁၂ပေရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမိုင်းအစဉ်အလာကောင်းသည့် တပ်မတော်

✡ အမျိုးသားရေး၊ ဦးစားပေးတတ်
မွန်မြတ်စေတနာ၊ ပိုင်ဆိုင်ပါသော
မြန်မာ့သမိုင်းကြောင်း၊ စဉ်လာကောင်းသည့်
သားကောင်းတို့၏တပ်မတော်။

✡ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဝယ်
ထည်ထည်ဝါဝါ၊ နေခဲ့ပါသည့်
မြန်မာဒို့များ၊ ရှည်လျားသမိုင်း
ရှိန်ဝါလှိုင်းထပ်၊ မင်းမြတ်“အနော်ရထာ”
ဘုန်းသမ္ဘာတင့်၊ တေဇာမြင့်ခေါင်
“ဘုရင့်နောင်”နှင့်၊ ကုန်းဘောင်နွယ်ဖွား
“အလောင်းဘုရား”တို့၊ တည်ထားပထမ
ဒုတိယနှင့်၊ တတိယနိုင်ငံ
ပြိုင်စံရှားအောင်၊ တည်ထောင်စွမ်းထက်
စဉ်ဆက်နောင်တော်၊ တပ်မတော်များထုံး
ကျင့်သုံးဆင့်ကမ်း၊ အမွေခံလမ်းကို
လျှောက်လှမ်းချီတက်၊ ထက်မြက်စွမ်းရည်
စည်းလုံးညီသည့်၊ ခေတ်မီတပ်မတော်
ပေါ်ပေါက်စေရန်၊ အဓိဋ္ဌာန်ဖြင့်
အမွေခံကောင်းသည့်တပ်မတော်။

✡ ပြည်မြန်မာ၏၊ သည်းချာရင်နှစ် မျိုးချစ်ဖြစ်သော
စနစ်စည်းကမ်း၊ ကောင်းသတင်းလွှမ်းသော
မှန်သောသစ္စာ၊ ရှိလှစွာသော
စဉ်လာညီညွတ်၊ စည်းလုံးတတ်သော
သတ္တိဗျတ္တိ၊ စွမ်းရည်ရှိသော
မြတ်သည့်စိတ်ထား၊ စွန့်စွန့်စားသော
မထားအတ္တ၊ ပရအကျိုး၊ သယ်ပိုးတတ်သော
စိတ်ဓာတ်ခိုင်မာ၊ မြင့်မြတ်ပါသော
ကြုံလာခက်ခဲ၊ ရဲစွမ်းရင်ဆိုင်၊ ကျော်လွှားနိုင်သော
ခံနိုင်ဆင်းရဲ၊ ပင်ပန်းခဲသော
စိတ် ဇွဲ လုံ့လ၊ ဝီရိယရှိသော
ပြည့်တာဝန်များ၊ အရေးသုံးပါးကို
လေးထားမြဲမြဲ၊ ဦးထိပ်ပန်သော
နိုင်ငံ့သားမြတ်၊ ကျင့်အပ်စဉ်လာ
အင်္ဂါဆယ့်နှစ်ဖြာ၊ ပြည့်စုံပါသောတပ်မတော်။ ။

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်–

မိုးရန်နိုင်(ကျောက်ကြီး)

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ဖြစ်သည်။ လောကနီတိ ကျမ်းအလိုအရ **“ရာဇာနံ မင်းတို့၏၊ ဓနံ ဥစ္စာကား၊ ဗလံ ရဲမက်ဗိုလ်ပါတည်း”**ဟုဆိုထားသည်။ စင်စစ် တပ်မတော်သည် နိုင်ငံတော်၏လက်ရုံးလည်း မည်၏။ နိုင်ငံတော်၏ ဥစ္စာနေလည်း မည်၏။

မျက်မှောက် နိုင်ငံတကာရေးရာကို လေ့လာပါက စစ်အေးကာလ ပြီးဆုံးပြီဟုဆိုသော်လည်း မဟာအင်အားကြီးနိုင်ငံနှင့် အပေါင်းပါ နိုင်ငံအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအား ယင်းတို့၏ အလိုကျ လက်ဝေခံ သြဇာခံနိုင်ငံအဖြစ် သိမ်းသွင်းနိုင်ရေးအတွက် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကို အကြောင်းပြပြီး နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးခြင်းဖြင့်လည်းကောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကိုပင် အသိအမှတ်မပြုတော့ဘဲ စစ်ရေးအရ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခြင်းဖြင့်လည်းကောင်း ဗိုလ်ကျစိုးမိုးရေးနှင့် ခေတ်သစ်ကိုလိုနီဝါဒ ထူထောင်နိုင်ရေး ကြိုးပမ်းလုပ်ကြံလျက်ရှိကြောင်း တွေ့ရှိရမည် ဖြစ်သည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့နိုင်ငံကို ကာကွယ်စောင့်ရှောက်ရေးနှင့် လုံခြုံရေးအတွက် ယင်းတို့၏ တပ်မတော်များကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြသည်။

ယင်းသို့ နိုင်ငံအသီးသီးတွင် ခေတ်မီ တပ်မတော်များ တည်ဆောက်နေခြင်းသည် ခေတ်သစ် ကိုလိုနီနယ်ချဲ့ဝါဒ၏ အန္တရာယ်ကို ကာကွယ်ရန်အတွက် ဖြစ်ကြောင်း လေ့လာတွေ့ရှိရမည် ဖြစ်သည်။

စင်စစ်၊ စစ်အေးကာလပြီးဆုံးခဲ့ပြီဟူ၍ ဆိုထားသော်လည်း မဟာအင်အားကြီးနိုင်ငံများသည် အဏုမြူလက်နက် အပါအဝင် ခေတ်မီလက်နက်များ၊ သိပ္ပံနှင့်နည်းပညာစွမ်းအင်များကို ပိုင်ဆိုင်လျက်ရှိပြီး ခေတ်သစ်ကိုလိုနီဝါဒဖြင့် နိုင်ငံငယ်များ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက် ကျူးကျော်လျက်ရှိသည်။ ယင်းသို့ ကျူးကျော်ရာတွင် ကိုယ်တိုင်ဦးဆောင် ကျူးကျော်သကဲ့သို့ ပြည်ပြေးများ၊ သောင်းကျန်းသူများ အပါအဝင် အမျိုးသားသစ္စာဖောက်များအား လက်နက်ခဲယမ်း၊ ရိက္ခာငွေကြေးနှင့် နိုင်ငံရေးအရ ကူညီထောက်ပံ့ အားပေးခြင်းတို့ဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံငယ်များ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက် ကျူးကျော်လျက်ရှိသည်မှာ ကမ္ဘာသိ၊ မြန်မာသိပင် ဖြစ်သည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဆိုသည်မှာ မွန်မြတ်ဖြောင့်မတ်သော ကျင့်စဉ်နှင့် အရေးကိစ္စများဖြစ်သော်လည်း ယင်းမွန်မြတ်ဖြောင့်မတ်မှု၏ ဆန့်ကျင်ဘက်ဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းများကို နှောင့်ယှက်စွက်ဖက်ဖျက်ဆီးခြင်းဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ အခြေခံ လူ့အခွင့်အရေးဖြစ်သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးဖျက်ဆီးနေခြင်းဖြင့် လည်းကောင်း ခေတ်သစ်ကိုလိုနီဝါဒကို အသက်သွင်းထူထောင်နေကြောင်းကို မျက်မှောက်ကမ္ဘာ့ဖြစ်ရပ်များက သက်သေခံလျက် ရှိသည်။

ယင်းသို့ **“မျက်မှောက်ခေတ်၏ သမိုင်းရေးလိုအပ်ချက်အရ နိုင်ငံတိုင်းတွင် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပိုင်နက်နယ်မြေကာကွယ်ရေးအတွက် တပ်မတော်ကို မရှိမဖြစ်သော အမျိုးသားနိုင်ငံရေးအင်အားစုကြီးအဖြစ် တည်ဆောက်နေကြခြင်းဖြစ်သည်။”** မြန်မာနိုင်ငံအနေဖြင့် တပ်မတော်အင်အားတောင့်တင်းခဲ့သော ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည့် သမိုင်းအခိုင်အမာရှိခဲ့ပြီးဖြစ်သည်။ ယင်းအပြင် လွတ်လပ်ရေးအကြိုကာလဖြစ်သော ၁၉၄၆ခုနှစ်တွင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း အနာဂတ်နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြရေးအတွက် တေးပြုစာဆို ဆရာရွှေတိုင်ညွန့်အား **“တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”** ဟူသော တိုင်းကျိုးပြည်ပြု တေးသီချင်းကို ရေးသားဖွဲ့ဆို တိုက်တွန်းနှိုးဆော် စေခဲ့သည်။

ချုပ်၍ဆိုရလျှင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေကာကွယ်ရေးတို့နှင့်အတူ အမျိုးသားရေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် ကမ္ဘာ့အလယ်တွင် အဓွန့်ရှည်စွာ တည်တံ့ရေးတို့သည် မျက်မှောက်မြန်မာနိုင်ငံသမိုင်းခေတ်၏ အမျိုးသားရေး တာဝန်ပင်ဖြစ်သည်။ ယင်းအမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် နိုင်ငံတော်၏ကျောရိုးမဏ္ဍိုင်သဖွယ်တည်ဆောက်သွားကြပါစို့ဟု (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု ရေးသားအပ်ပါသည်။ ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် ဖက်ရှင်ပွဲတော်တွင် ပါဝင်ပြသနေသော အလှမယ်တစ်ဦး၏ ဝတ်စားဆင်ယင်မှုဒီဇိုင်းကို မတ် ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါရာဂွေးနှင့် ဘိုလီးဗီးယား လုံခြုံရေးနှင့်ကာကွယ်ရေး သဘောတူစာချုပ် ချုပ်ဆို

ဗျူနို့စ်အေရီးစ် မတ် ၂၄

ပါရာဂွေးနှင့် ဘိုလီးဗီးယားနှစ်နိုင်ငံတို့သည် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာသတင်းအချက်အလက်များ ဖလှယ်ရေး သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း အေဘီစီကာလာသတင်းစာက မတ် ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီချက်ကို ဘိုလီးဗီးယားနိုင်ငံမြို့တော် လာပါဇ်မြို့တွင် ပါရာဂွေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရူဘင်ရာမီးဖ်လီကာနိုနှင့် ဘိုလီးဗီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါရစ်ချိုကျူဘန်ကာတို့သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံစစ်ဘက်အရာရှိများ တက်ရောက်ခဲ့ကြသည်။

ဖော်ပြ

နှစ်နိုင်ငံစစ်ဘက်အရာရှိကြီးများ၏ လေးကြိမ်မြောက်ဆွေးနွေးပွဲကိုစက်တင်ဘာ ၁၀ရက်မှ ၁၂ရက်အထိ ကျင်းပရန် သဘောတူညီခဲ့ကြကြောင်း ပါရာဂွေးနိုင်ငံမြို့တော် အဆန်ရှင်းမြို့တွင် အခြေစိုက်သော အဆိုပါသတင်းစာ၌ ဖော်ပြသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများသည် နှစ်နိုင်ငံအကြား လက်နက်မှောင်ခိုကူးမှုနှင့် အကြမ်းဖက်တိုက်ခိုက်ရေးသမား တရားခံများကို စွဲချက်တင်နိုင်ရေးအတွက်လည်း သဘောတူညီခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ရုရှား၌ ရဟတ်ယာဉ်တစ်စင်း ပျံသန်းစဉ် ပျောက်ဆုံး

မော်စကို မတ် ၂၄

ရုရှားနိုင်ငံမြောက်ပိုင်းတွင် မတ် ၂၁ ရက်က လူခြောက်ဦးပါရှိသော ရဟတ်ယာဉ်တစ်စင်းပျောက်ဆုံးသွားကြောင်း ရုရှားနိုင်ငံအရေးပေါ်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ပျောက်ဆုံး

အဆိုပါရဟတ်ယာဉ်မှာ အမ်အိုင်-၈ ရဟတ်ယာဉ် အမျိုးအစားဖြစ်ပြီး ဂါဇ်ရွမ် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများကို တင်ဆောင်ပျံသန်းလာစဉ်ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ထိုရဟတ်ယာဉ်စတင်ပျံသန်းပြီး ခြောက်နာရီကျော်ကြာအဆက်အသွယ်မရကြောင်း အင်တာဖက်သတင်းဌာနမှ ပြောကြားသည်။ ရုရှားနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က မတော်တဆဖြစ်ရပ်တစ်ခုကြောင့် ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူ ၁၇၇ ဦး သေဆုံးခဲ့ရသည့် အဖြစ်အပျက် ဖြစ်ပွားခဲ့သေးသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂရိနှင့်တောင်ကိုရီးယား ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

အေသင် မတ် ၂၄

အီလက်ထရွန်နစ် သတင်းဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေးနည်းပညာနယ်ပယ်တွင် နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ကြရေးအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဂရိနှင့် တောင်ကိုရီးယားနှစ်နိုင်ငံတို့က မတ်၂၁ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုနားလည်မှုစာချွန်လွှာကို ဂရိနိုင်ငံပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး မီဟာလစ်လီရာပစ်နှင့် တောင်ကိုရီးယား ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဒုတိယဝန်ကြီး ယောင်ဝမ်ယိုးတို့က လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ ဂရိနှင့်တောင်ကိုရီးယား နှစ်နိုင်ငံတို့အနေဖြင့် အိုင်တီနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်နိုင်ကြရေး ဆောင်ရွက်ကြမည်ဖြစ်သည်။

အပြန်အလှန်

ယခုကဲ့သို့ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံမှ ဆက်သွယ်ရေးဆိုင်ရာကျွမ်းကျင်သူများနှင့် အိုင်တီကဏ္ဍ ကျွမ်းကျင်သူများ အချင်းချင်း တွေ့ဆုံဆွေးနွေးမှုများလည်း အပြန်အလှန် ပြုလုပ်နိုင်ကြမည်ဖြစ်သည်။

အနေအထား

အဆိုပါ ကဏ္ဍများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ပြုလုပ်နိုင်သည့်အနေအထားလည်းရရှိနိုင်မည်ဖြစ်ကြောင်းကို ဂရိဆက်သွယ်ရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ ဖက်ရှင်ပွဲတော်ကျင်းပ ပြည်တွင်းပြည်ပမှ ဝယ်ယူသူများအား ဆွဲဆောင်

နယူးဒေလီ မတ် ၂၄

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဝယ်လ်လိုက်ဖ်စတိုင် အိန္ဒိယဖက်ရှင်ရက်သတ္တပတ် (ဒဗလျူအယ်လ်အက်ဖ်ဒဗလျူ) ပွဲတော်ကို မတ်၂၁ရက်ကစတင်ကျင်းပရာ ပြည်တွင်းပြည်ပမှ ဒီဇိုင်နာများနှင့် ဝယ်ယူသူအများအပြားကို ဆွဲဆောင်လျက်ရှိသည်။

အဆိုပါဖက်ရှင်ပွဲတော်တွင် ယခုနှစ်၌ နာမည်ကျော် အိန္ဒိယဒီဇိုင်နာ ၈၇ဦးတို့၏ ဖက်ရှင်ဒီဇိုင်းများပါဝင်ပြသကြပြီး လာမည့်ငါးရက်အတွင်း ဖက်ရှင်ပွဲပေါင်း ၄၂ပွဲ ကျင်းပမည်ဖြစ်ကြောင်း အိန္ဒိယဖက်ရှင်ဒီဇိုင်းကောင်စီ (အက်ဖ်ဒီစီအိုင်)က ပြောကြားသည်။

လက်ခံရရှိ

ဒဗလျူအယ်လ်အက်ဖ်ဒဗလျူအနေဖြင့် ပြည်ပနိုင်ငံ ၁၉နိုင်ငံမှ ဝယ်ယူလိုသူ၈၀၏ အမှာစာများကို လက်ခံရရှိခဲ့ကြောင်း၊ အများစုမှာ ပြင်သစ်၊ ဂျပန်၊ ဟောင်ကောင်နှင့် အမေရိကန်နိုင်ငံများမှဖြစ်ကြောင်း၊ပြည်တွင်းဝယ်ယူလိုသူမှာလည်း၁၀၀ခန့်ရှိကြောင်း သိရသည်။

ဂုဏ်ယူ

အဖွဲ့ဝင် ဒီဇိုင်နာများအနေဖြင့် ၎င်းတို့၏စွမ်းရည်များကို ပြည်ပနိုင်ငံများသို့ သိရှိအောင်ပြသခွင့်များရရှိပြီး နိုင်ငံတကာက အသိအမှတ်ပြုသည့်အတွက် များစွာဂုဏ်ယူမိကြောင်း အက်ဖ်ဒီစီအိုင်မှ အထွေထွေ ညွှန်ကြားရေးမှူး ရာသီဗီနေဂျက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စုတ်တံငါးချောင်းဖြင့် တစ်ပြိုင်နက်စာရေးပြသူ

စုတ်တံငါးချောင်းဖြင့် စာရေးပြနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ စီကျန်းပြည်နယ်ရှိ လီဟိုင်းမြို့တွင် ယီဂန်ယူအမည်ရှိအသက် (၃၁)နှစ်အရွယ် အမျိုးသားတစ်ဦးက လက်တစ်ဖက်စီ၌ စုတ်တံနှစ်ချောင်းစီ ကိုင်ကာ ပါးစပ်၌လည်း စုတ်တံတစ်ချောင်းကိုကိုက်ပြီး တစ်ပြိုင်နက်တည်း ညီညာသော စာများကို ရေးပြနိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အသေးငယ်ဆုံး ကင်မရာ

အသေးငယ်ဆုံး ကင်မရာလေးတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ခင်းကျင်း ပြသထားသည့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ၌ ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော ကင်မရာလေးတစ်လုံးမှာ လက်ချောင်းတစ်ချောင်း အရွယ်သာရှိရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ကင်မရာလေးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ပေကျင်း၌ ပြည်ပခရီးသွားဧည့်သည်များ ရောက်ရှိမှု ယခုနှစ် ပထမနှစ်လအတွင်း မြင့်တက်

ပေကျင်း မတ် ၂၄

တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ယခုနှစ် ပထမနှစ်လအတွင်း ပြည်ပခရီးသွားဧည့်သည် ၄၃၆၀၀၀ လာရောက်ခဲ့ရာ နှစ်ချင်းအလိုက် ခရီးသွားဧည့်သည် မြင့်တက်မှုမှာ ၆ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း စည်ပင်သာယာရေးဌာန စာရင်းအင်းရုံးမှ တာဝန်ရှိသူတစ်ဦးက မတ် ၁၇ ရက်၌ ပြောကြားသည်။

ပေကျင်းမြို့သို့ ပြီးခဲ့သည့်နှစ်က လာရောက်သည့် ခရီးသွား ဧည့်သည်မှာ ၃၆၀၀၀၀ ခန့်ရှိရာ ယခင်နှစ်ကထက် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးမြှင့်လာကြောင်း၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)နှင့် မကာအိုမှ ဧည့်သည် ၇၆၀၀၀ လာရောက်ခဲ့ရာ ယခင်နှစ်များကထက် ၈ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးမြှင့်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ဂျပန်နိုင်ငံမှ လာရောက်သည့် ခရီးသွားဧည့်သည် ၆၇၀၀၀အထိရှိရာ နှစ်ချင်းအလိုက် မြင့်တက်မှုမှာ ၂၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ပြည်ပခရီးသွားလုပ်ငန်းအားလုံး မြင့်တက်မှုမှာ ၁၅ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်။ တောင်ကိုရီးယားနိုင်ငံမှ ခရီးသွားဧည့်သည်မှာ ၆၄၀၀၀ အထိ ရောက်ရှိရာ ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်လာခဲ့သည်။

မြင့်တက်

ပေကျင်းမြို့၌ ယခုနှစ် ပထမနှစ်လအတွင်း လာရောက်သူနှင့် အခြားနိုင်ငံများသို့ သွားရောက်သည့် ခရီးသွားများမှာ ၁၂ သန်းခန့်ရှိရာ ခရီးသွားလုပ်ငန်းမှ ရရှိငွေမှာ ယွမ်သန်း ၃၃၀ ရရှိခဲ့ပြီးဖြစ်ရာ နှစ်ချင်းအလိုက်မြင့်တက်မှုမှာ ၃၃ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းကြီးများ ပြည့်စုံအောင်မြင်သွားသည့်အချိန် နိုင်ငံတော်ကြီး မည်ကဲ့သို့ တိုးတက်ဖွံ့ဖြိုးနေမည်ဆိုသည့်ပုံသဏ္ဌာန်ကို မှန်းဆ၍ရနေပြီ

● ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအား

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

အကောင်အထည်ဖော်

အစီအစဉ်အရ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရေဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း၊ တာပိန်(၁)၊ တာပိန်(၂)၊ ရွှေလီ(၂)၊ ရွှေလီ(၃)၊ အထက်သံလွင်၊ အထက်ကျိုင်းတောင်း၊ ရွှေစာရေးနှင့် တနသ်ာရီ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်းရှိ ရေအားအရင်းအမြစ်များကို ထုတ်ယူသုံးစွဲ၍ နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ချက်များတွင် ရေဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းသည်လည်း စီမံကိန်းကြီးတစ်ခုအဖြစ် ပါဝင်မည်ဖြစ်သည်။

ရေဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၅ မိုင်အကွာ၊ မေခ-မလိခမြစ်ဆုံ အောက်ဘက် သုံးမိုင်ခန့်အကွာ ရေဝတီမြစ်ပေါ်၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းမှာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၃၆၀၀ ရှိမည် ဖြစ်ပြီး အနည်းဆုံး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၉၀ ထွက်ရှိမည့် စီမံကိန်းဖြစ်သည်။

ကချင်ပြည်နယ်၌ အကောင်အထည်ဖော်မည့် အခြားရေအားလျှပ်စစ်စီမံကိန်းမှာ တာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။ မိုးမောက်မြို့မှ ၃ ဒသမ ၅မိုင်ခန့်အကွာ တာပိန်မြစ်ပေါ်၌ အကောင်အထည်ဖော်သွားမည် ဖြစ်သည်။ တာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်းမှာ မဂ္ဂါဝပ် ၂၄၀ တပ်ဆင်စက်အင်အားရှိမည့် စီမံကိန်းဖြစ်သည်။ တာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်း၏ အောက်ဘက် ခြောက်မိုင်ခန့်အကွာ တာပိန်မြစ်ပေါ်၌ တပ်ဆင်စက် အင်အား၁၆၈မဂ္ဂါဝပ်ရှိ တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်ယူရရှိနိုင်မည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ပဲခူးတိုင်း ဖြူးမြို့ အနောက်တောင်ဘက်ရှိ ကွန်းချောင်းပေါ်တွင် ဤသို့ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တည်ဆောက်ဆဲ ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်း၏ အောက်ဘက် ၁၂ ဒသမ ၅ မိုင်အကွာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်အတွင်းရှိ ရွှေလီမြစ်ပေါ်၌ ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်းမှာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၄၆၀ ရှိမည်ဖြစ်သည်။

ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်း၏ အောက်ဘက် မိုင် ၃၀ ခန့် အကွာ ရွှေလီမြစ်ပေါ်၌ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းကိုလည်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းမှာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၃၆၀ ရှိမည့် စီမံကိန်းဖြစ်သည်။

စီမံကိန်း(၁)နှင့်(၂)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းကြီးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းကို(၁)နှင့်(၂)ဟူ၍ ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ပြီး အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း(၁)ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံဒေသရှိ သံလွင်မြစ်ကူးတံတား (တာပါး) ၏ အထက်ဘက် တစ်မိုင်ခန့်အကွာ သံလွင်မြစ်ပေါ်၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤစီမံကိန်းမှာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၁၆၀ ရရှိမည့် စီမံကိန်းဖြစ်သည်။

အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း(၂)ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံဒေသရှိ သံလွင်မြစ်နှင့် နမ့်နင်းချောင်းဆုံ၏ အထက်ဘက်တစ်မိုင်နှင့် သုံးမိုင်အတွင်း သံလွင်မြစ်ပေါ်၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤစီမံကိန်းမှာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၂၄၀ ရရှိမည့် စီမံကိန်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	အမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)
၁။	မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း	ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြောက်ဘက်၂၅မိုင် အကွာ မေခ-မလိခ မြစ်ဆုံ အောက်ဘက်သုံးမိုင်ခန့် အကွာ ရေဝတီမြစ်ပေါ်	၃၆၀၀
၂။	တာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်း	မိုးမောက်မြို့မှ ၃ဒသမ၅မိုင်ခန့် အကွာ တာပိန်မြစ်ပေါ်	၂၄၀
၃။	တာပိန်(၂)ရေအားလျှပ်စစ်စီမံကိန်း	တာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်း၏ အောက်ဘက် ခြောက်မိုင်ခန့်အကွာ တာပိန်မြစ်ပေါ်	၁၆၈
၄။	ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်း	တည်ဆောက်ဆဲ ရွှေလီ(၁)ရေအား လျှပ်စစ်စီမံကိန်း၏ အောက်ဘက် ၁၂ ဒသမ ၅ မိုင်အကွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်အတွင်းရှိ ရွှေလီမြစ်ပေါ်	၄၆၀
၅။	ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း	ရွှေလီ(၂) ရေအားလျှပ်စစ် စီမံကိန်း၏ အောက်ဘက် မိုင် ၃၀ ခန့် အကွာ ရွှေလီမြစ်ပေါ်	၃၆၀
၆။	အထက်သံလွင် ရေအားလျှပ်စစ် စီမံကိန်း(၁)	ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံဒေသရှိ သံလွင်မြစ်ကူးတံတား(တာပါး) ၏အထက်ဘက် တစ်မိုင်ခန့်အကွာ သံလွင်မြစ်ပေါ်	၁၁၆၀
၇။	အထက်သံလွင် ရေအားလျှပ်စစ် စီမံကိန်း(၂)	ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံဒေသရှိ သံလွင်မြစ်နှင့် နမ့်နင်းချောင်းဆုံ၏ အထက်ဘက် တစ်မိုင်နှင့် သုံးမိုင်အတွင်း သံလွင်မြစ်ပေါ်	၁၂၄၀
၈။	ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်း	ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့် အကွာ ဝမ်မောကျေးရွာ အနီး နန့်တိန်ချောင်းပေါ်	၆၀
၉။	ရွှေစာရေး ရေအားလျှပ်စစ် စီမံကိန်း	မုံရွာမြို့၏ အနောက်မြောက် ဘက် မိုင် ၂၀ ခန့်အကွာ ဘုတလင်မြို့နယ် ရွှေစာရေး ကျေးရွာအနီး ချင်းတွင်းမြစ်ပေါ်	၆၆၀
၁၀။	တနင်္သာရီ ရေအားလျှပ်စစ် စီမံကိန်း	မြိတ်မြို့၏ အရှေ့မြောက်ဘက် ၃၇ မိုင် လေးဖာလုံခန့်အကွာ တနင်္သာရီမြစ်ပေါ်	၆၀၀

25-3 (07) 1 3/25/07, 1:29 PM

နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်၌ တာဝန်ကျေရုံသာထမ်းဆောင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်ကိုအလုပ်အကျွေးပြုမည်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် စိတ်စေတနာဖြင့်ကြိုးပမ်း

စာမျက်နှာ ၇ မှ

ရှမ်းပြည်နယ်အတွင်း အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်နေရာမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ ကျိုင်းတောင်းစီမံကိန်း၏ အထက်ဘက် ဝမ်မောကျေးရွာအနီး နန့်တိန်ချောင်းပေါ်၌ ဖြစ်သည်။ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀ ရရှိမည်ဖြစ်သည်။

ရန်အတွက် အကြီးစားပြုပြင်ဆောင်ရွက်မှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄)က လုပ်ငန်းဆောင်ရွက်ရန် အတည်ပြုခဲ့သည့် လေယာဉ်ကွင်းများအနက် လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် လေယာဉ်ကွင်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆက်လက်တည်ဆောက်ဆဲဖြစ်သော ခန္တီးလေဆိပ်လေယာဉ်ပြေးလမ်းတည်ဆောက်ခြင်းလုပ်ငန်း၊ ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ ထားဝယ်လေဆိပ် လေယာဉ်ပြေးလမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

အဓိကလေယာဉ်ကွင်း

၁၉၈၈ခုနှစ် မတိုင်မီက မြန်မာနိုင်ငံ၏ မြို့ပြလေကြောင်း (Civil Aviation) ကဏ္ဍတွင် F-27 အဆင့်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၁၅ ကွင်းနှင့် F-28 အဆင့်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ခြောက်ကွင်းသာ အဓိကလေယာဉ်ကွင်းများအဖြစ် အသုံးပြုနိုင်ခဲ့သည်။

၁၉၈၈ခုနှစ် နောက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးမှ အစပြု၍ လေယာဉ်ကွင်းသစ် ၁၃ ကွင်း တည်ဆောက်နိုင်ခဲ့ပြီး ကွင်းဟောင်း အဆင့်မြှင့် တိုးချဲ့ပြုပြင်မှုအဖြစ် ၁၆ ကွင်း ဆောင်ရွက်ခဲ့သည်။

ယခုအခါ F-27 နှင့် ATR လေယာဉ်များအထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၃၆ကွင်း၊ F-28 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၂၆ကွင်း၊ Y-8 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၁၈ကွင်း၊ Boeing-737 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၁၄ ကွင်း၊ Air-Bus A-300 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၁၀ ကွင်း၊ DC-10 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ရှစ်ကွင်း၊ ခေတ်မီ Boeing 747-400 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ခုနစ်ကွင်း အသုံးပြုနိုင်ပြီဖြစ်သည်။

ဆက်လက်၍ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက်စနစ်

ပို့ဆောင်ရေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဆက်သွယ်ရေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း

မြန်မာနိုင်ငံအလယ်ပိုင်း အချက်အချာကျသော စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်း ဖြတ်သန်းစီးဆင်းသည့် ချင်းတွင်းမြစ်၏ ရေအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ် အဆင့်ဆင့်ထုတ်လုပ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်သွားမည့် စီမံကိန်းများအနက် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းမှာ စီမံကိန်းကြီးတစ်ခုဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို မုံရွာမြို့၏ အနောက်မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်ပေါ်၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းမှာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၆၀ ရရှိမည့် စီမံကိန်းဖြစ်သည်။

တနသ်ာရီမြစ်ပေါ်

တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀၀ ရှိမည့် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုမှာ တနင်္သာရီတိုင်း မြိတ်မြို့၏ အရှေ့မြောက်ဘက် ၃၇ မိုင် လေးဖာလုံခန့်အကွာ တနင်္သာရီမြစ်ပေါ်၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် တနင်္သာရီရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

သဘာဝဓာတ်ငွေ့သုံး

ဆက်လက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာမည့် ဓာတ်အားများကို ဓာတ်အားစနစ်သို့ ဆက်သွယ်ပို့လွှတ်ရေးအတွက် တည်ဆောက်ရမည့် မဟာဓာတ်အားလိုင်းစနစ်နှင့် ပင်မဓာတ်အားခွဲရုံဆိုင်ရာများ၊ ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေးအတွက် တည်ဆောက်ရမည့် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံဆိုင်ရာများ၊ စက်ရုံများ၊ စက်မှုဇုန်များကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြုပြင်တည်ဆောက်ရမည့် ဓာတ်အားလိုင်းများအခြေအနေ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကြီးများ စက်စွမ်းအားပြည့် လည်ပတ်နိုင်

❐ **၁၉၈၈ခုနှစ် နောက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးမှ အစပြု၍ လေယာဉ်ကွင်းသစ် ၁၃ကွင်း တည်ဆောက်နိုင်ခဲ့ပြီး ကွင်းဟောင်း အဆင့်မြှင့် တိုးချဲ့ပြုပြင်မှုအဖြစ် ၁၆ကွင်း ဆောင်ရွက်ခဲ့။**

❐ **ယခုအခါ F-27 နှင့် ATR လေယာဉ်များအထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၃၆ကွင်း။ F-28 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၂၆ကွင်း။ Y-8 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၁၈ကွင်း။ Boeing-737 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၁၄ကွင်း။ Air-Bus A-300 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၁၀ကွင်း။ DC-10 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ရှစ်ကွင်း။ ခေတ်မီ Boeing 747-400 လေယာဉ်အထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်း ခုနစ်ကွင်း အသုံးပြုနိုင်ပြီဖြစ်။**

မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်

ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲ အသုံးပြုလျက်ရှိသော မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသည်။
(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

တည်ဆောက်ခြင်းလုပ်ငန်း တိုးတက်မှုအခြေအနေ၊ ဆက်သွယ်မှုကွန်ရက် စနစ် တည်ဆောက်ခြင်းနှင့် သတင်းအချက်အလက်မြန်နှုန်းမြင့် ဆက်သွယ်မှု စနစ် တည်ဆောက်ခြင်းလုပ်ငန်း တိုးတက်မှုအခြေအနေ၊ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း တိုးတက်မှုအခြေအနေ၊ မဲခေါင်ဒေသ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး အမြန်ဆက်ကြောင်းလုပ်ငန်း စီမံကိန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တနင်္သာရီ ကမ်းလွန်ဒေသ၊ ရခိုင်ကမ်းလွန်ဒေသ၊ မုတ္တမကမ်းလွန်ဒေသနှင့် ကုန်းတွင်းပိုင်းဒေသများ၌ လုပ်ကွက်အလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆိုထားမှုများ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်းများ၊ ဓာတ်မြေသြဇာ စက်ရုံ (မြောင်းတကာ)နှင့် (ကန်ကြီးဒေါင့်)တည်ဆောက်ရေး စီမံကိန်း ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ငါးနှစ်စီမံချက်ဖြင့် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်း အတွင်းရှိ ခရိုင် ရှစ်ခရိုင်၊ မြို့နယ် ၃၁ မြို့နယ်တို့၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းစီမံချက်စတင်သည့် ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်း ၅၂၆၃၅၅ ဧက၊ သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်းလုပ်ငန်း ဧက ၇၀၉၀၀၊ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဧက ၆၉၃၀၀၊ သစ်တောစိုက်ခင်း တည်ထောင် ခြင်းလုပ်ငန်း ၁၁၂၇၇၃ ဧက ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

သစ်တောပြန်လည်ပြုစုပျိုးထောင်ရေး

သစ်တောရေးရာဝန်ကြီးဌာနသည် ၁၉၉၆-၁၉၉၇ခုနှစ်မှ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ ငါးနှစ်စီမံချက်ဖြင့် ဆည်/ရေလှောင်တမံ၊ ရေကန်နှင့် ရေထွက်များ၏ ရေဝေရေလဲဒေသများ၌ သစ်တောပြန်လည်ပြုစုပျိုးထောင် ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

ယခု ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ဆည်/ရေလှောင်တမံ၊ ရေကန်နှင့်ရေထွက်များ၏ ရေဝေရေလဲဒေသများ၌ သစ်တောပြန်လည်ပြုစုပျိုးထောင်ရေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ဆည်/ရေလှောင်တမံ ၁၃၃ခု၊ ရေကန်ခုနစ်ကန်၊ ရေထွက် ၂၀ တို့၏ ရေဝေရေလဲဒေသအတွင်း ရေဝေရေလဲစိုက်ခင်း ဧက ၁၂၉၅၅၀ စိုက်ပျိုးတည်ထောင်ပြီး သဘာဝတော ဧက ၁၁၆၁၂၂၀ ကို ပြုစုထိန်းသိမ်းသွားမည်ဖြစ်သည်။

အလေးအနက်ထားအကောင်အထည်ဖော်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိဂုံးချုပ် အမှာစကားပြောကြားရာ၌ အထူးစီမံကိန်းများသည် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းကြီးများဖြစ်၍ အလေးအနက်ထား အကောင်အထည်ဖော်သွားကြရန် အရေးကြီးကြောင်း။

ဗဟို၏ ကြီးကြပ်ညွှန်ကြားပေါင်းစပ်မှုဖြင့် ဝန်ကြီးဌာနအားလုံး တက်ညီ လက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့၍ ယနေ့တိုးတက်အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း။

ရှေ့ဆက်လက် အကောင်အထည်ဖော်မည့် စီမံကိန်းကြီးများကိုလည်း ယခုကဲ့သို့ အပြန်အလှန် ဆက်စပ် ညှိနှိုင်းပေါင်းစပ်မှု ပူးပေါင်းကူညီ ရိုင်းပင်းမှုတို့ဖြင့် တက်တက်ကြွကြွ အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း။

ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်နိုင်သည်နှင့်အမျှ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်း၊ အခြေခံကောင်းများ ခိုင်မာစွာ ရရှိဖြစ်ထွန်းမှာ ဖြစ်ကြောင်း။

မိမိတို့ အကောင်အထည်ဖော် လျက်ရှိသောစီမံကိန်းကြီးများ ပြည့်စုံ အောင်မြင်သွားသည့်အချိန်၌ နိုင်ငံ တော်ကြီး မည်ကဲ့သို့ တိုးတက်ဖွံ့ဖြိုး နေမည်ဆိုသည့် ပုံသဏ္ဍာန်ကို မိမိတို့ မှန်းဆကြည့်၍ ရနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်၌ တာဝန်များကို ကျေပွန်ရုံသာ ထမ်း ဆောင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော် ကို အလုပ်အကျွေးပြုမည်၊ နိုင်ငံ တော် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် စိတ်စေတနာဖြင့် တက်တက်ကြွကြွ ဆက်လက်ကြိုးပမ်း လုပ်ကိုင်သွား ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေး ညနေ ၅ နာရီခွဲ တွင် ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

စွမ်းအင် ကဏ္ဍ

စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ် မှူး ချုပ် လွန်းသီ ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ရထား ပို့ဆောင်ရေး

ရထားပို့ဆောင် ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း ရှင်း လင်း တင်ပြစဉ်။

(သတင်းစဉ်)

သစ်တော ရေးရာ

သစ်တော ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ရှင်း လင်း တင်ပြစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁ မြို့နယ်တို့တွင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ငါးနှစ်စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက ကြံခင်း-ပခုက္ကူရထားလမ်း၊ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း၊ စစ်တောင်း-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ကသာ-ဗန်းမော်ရထား လမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ဧရာဝတီ အနောက် ဘက်ခြမ်း စစ်ကိုင်းတိုင်း ကသာမြို့မှ ဧရာဝတီ အရှေ့ဘက်ခြမ်း ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ရထားလမ်း ဖောက်လုပ်သွားမည် ဖြစ်ပါ ကြောင်း။

လမ်းပန်းဆက်သွယ်ရေးများတိုးတက်

အဆိုပါ ရထားလမ်းဖောက်လုပ်ပြီးစီးပါက ကသာမြို့နယ်၊ ရွှေကူ မြို့နယ်၊ မန်စီမြို့နယ်၊ ဗန်းမော်မြို့နယ် စသည့် ဧရာဝတီအနောက်ဘက် ခြမ်းနှင့် အရှေ့ဘက်ခြမ်းမြို့နယ်များအတွက် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်လာမည်ဖြစ်ပါကြောင်း။

ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ပေးခြင်းဖြင့် ဗန်းမော်၊ ကသာ၊ မန္တလေး၊ နေပြည်တော်၊ ထားဝယ်မြို့တို့အထိ တစ်ဆက် တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်ပါကြောင်း။

ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် အဓိက အားဖြင့် ဧရာဝတီ မြစ်ကူးတံတားကြီးတစ်စင်းနှင့် တံတားကြီး၊ တံတား ငယ်ပေါင်း ၆၅ စင်းခန့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ကသာ-ဗန်းမော်ရထားလမ်းမှာ စုစုပေါင်း ခန့်မှန်း ခရီးမိုင် ၉၇မိုင် ရှိမည်ဖြစ်ပါ ကြောင်း။

ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိမည်

အဆိုပါ ရထားလမ်းဖောက်လုပ်ခြင်းကြောင့် ကသာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၊ ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ ပြည်သူများ အပါအဝင် ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် ရေဝေရေလဲဒေသ များ၌ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ သစ်တောရေးရာဝန်ကြီးဌာနက ပဲခူးရိုးမ စိမ်းလန်း စိုပြည်ရေးလုပ်ငန်းစီမံချက်ကို ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ

ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း

ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ ကျော-ရေမျက်နီ ရထားလမ်းပိုင်းကို ယခုနှစ် ဇန်နဝါရီ ၂၇ ရက်က ဖွင့်လှစ် ပေးလိုက်ရာ ပုံတောင် ပုံညာ ဒေသနေ တိုင်းရင်းသားပြည်သူ များ နိုင်ငံတစ်လွှား အလွယ်တကူ ကူးသန်း သွားလာနိုင်ကြပေပြီ။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

❒ ဧရာဝတီ အနောက်ဘက်ခြမ်း စစ်ကိုင်းတိုင်း ကသာမြို့မှ ဧရာဝတီ အရှေ့ဘက်ခြမ်း ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ရထားလမ်း ဖောက်လုပ်သွားမည်။ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက ကသာမြို့နယ်၊ ရွှေကူမြို့နယ်၊ မန်စီမြို့နယ်၊ ဗန်းမော်မြို့နယ် စသည့် ဧရာဝတီ အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်း မြို့နယ်များအတွက် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်လာမည်။ ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ပေးခြင်းဖြင့် ဗန်းမော်၊ ကသာ၊ မန္တလေး၊ နေပြည်တော်၊ ထားဝယ်မြို့တို့အထိ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်။

ရန်ကုန်တိုင်းကမ္ဘာ့ တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၂၄

၂၀၀၇ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ၁၉၉၄ခုနှစ်မှ စတင်၍ DOTS နည်းဗျူဟာဖြစ်သည့် တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကုကိုကျင့်သုံး၍ တီဘီရောဂါကို အမျိုးသားရေးအသွင်ဖြင့် ဦးစားပေးတိုက်ဖျက်လျက်ရှိကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝေဒနာရှင်များကို ရှာဖွေဖော်ထုတ်ခြင်း၊ အစွမ်းထက်သော တီဘီဆေးများဖြင့် DOTS နည်းဗျူဟာကျင့်သုံးကာ ဆေးတိုက်ကျွေးခြင်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များက တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံးအနေဖြင့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော "တီဘီရောဂါကင်းဝေးဖို့ အားလုံးမနေးဆောင်ရွက်စို့" ဆောင်ပုဒ်အတိုင်း ပြည်သူလူထုအတွင်း တီဘီရောဂါကင်းဝေး ပပျောက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ တီဘီရောဂါဝေဒနာရှင်များအား တီဘီဆေးများကို တိုက်ကျွေးကြစဉ်။ (သတင်းစဉ်)

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၇ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက တီဘီရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှု ပထမဆု ရရှိသော သန်လျင်မြို့နယ်၊ ဒုတိယဆု ရရှိသော ဒေါပုံမြို့နယ်နှင့် တတိယဆုရရှိသော လှည်းကူးမြို့နယ်နှင့် အလုံမြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းတီဘီရောဂါဆရာဝန်ကြီး ဒေါက်တာမျိုးဇော်က တီဘီရောဂါဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသူများအား တီဘီရောဂါပညာပေးဓာတ်လမ်းဖြင့်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီးတို့သည် ဧည့်သည်များနှင့်အတူ ခန်းမအပြင်၌ ပြသထားသည့် တီဘီရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ စာအုပ် စာစောင်များနှင့် ပိုစတာများကို ကြည့်ရှုကြပြီး တီဘီရောဂါဝေဒနာရှင်များအား တီဘီဆေးများကို တိုက်ကျွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဟယ်လင်းနစ်နိုင်ငံခြားရေးဝန်ကြီးထံသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၇ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒိုရာ၊ ဘာကိုဂျီအမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လှည်းကူးမြို့ မြို့မရပ် ချစ်ကြည်ရေးလမ်း အမှတ် ၃၁၁ နေ ဦးမျိုးမြင့်၊ ဇနီး ဒေါ်သန်းဌေးမိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် ပြည်တော်သာအရှင်စန္ဒန(ဓမ္မာစရိယ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စူဠဘွဲ့နှင်းသဘင်ဒဂုံမြို့သစ်မြို့နယ်၌ကျင်းပ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ် ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်က ကျင်းပခဲ့သော ပထမကြီး၊ လတ်၊ ငယ် (ပထမပြန်) စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပထမကြီးတန်းတွင် စာအောင်သံဃာရှစ်ပါး၊ ပထမလတ်တန်းတွင် စာအောင်သံဃာ ၁၃ ပါး၊ ပထမငယ်တန်းတွင် စာအောင်သံဃာ ၂၃ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်နှစ်ပါး စုစုပေါင်း ၄၆ ပါးတို့အား အောင်လက်မှတ်များ ဆက်ကပ်သည့် စူဠဘွဲ့နှင်းသဘင်ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ဒဂုံမြို့သစ်မြို့နယ် ပြည်ကြီးချမ်းသာစေတီ (မြို့ဦးစေတီတော်)ရှိ မဟာသန္တိသုခဓမ္မာရုံကြီးတွင် ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဒဂုံမြို့သစ်မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ တေဇနိယဉာဏ အမှူးပြုသော မြို့နယ်သံဃနာယက ဆရာတော်များ၊ စာချဆရာတော်များ၊ အောင်လက်မှတ်ဆက်ကပ်ရရှိတော်မူသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

လျှောက်ထား

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ မြို့နယ် သံဃနာယကဆရာတော်ကြီးက ဩဝါဒစကားမိန့်ကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။ ဆက်လက်၍ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့စွဲပါ အမိန့်စာအမှတ် (၁/၂၀၀၆)အရ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အောင်မြေရတနာ ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်လွှာကို ဆက်ကပ်လှူဒါန်းပြီး ပထမပြန် စာမေးပွဲ အတန်းအသီးသီးတွင် အောင်မြင်ခဲ့ကြသော သံဃာတော်များ၊ သီလရှင်များကို အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းပြီးနောက် အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ရေစက်သွန်းချ အမျှဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် နှောင်းတန်ခူးလဆန်း ၈ရက် (ဥပုသ်နေ့)
၂၅-၃-၂၀၀၇ရက်(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook
- ၁၁:၅၅ ၅။ **"သူရဲကောင်းများ ထွန်းကားသည်"(အပိုင်း-၂) ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုးစိုးခမ်းလှိုင်၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၁၄:၁၀ ၆။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုသွေးလှူ ကုသိုလ်ယူ
- ၁၄:၂၀ ၇။ **"အန္တရာယ်ကင်းစေ ဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
- ၁၄:၃၅ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (နာမည်ကျော်ကြား စစ်ကိုင်းမြို့မှ ကြိမ်ထည်လက်ရာများ)
- ၁၄:၄၅ ၉။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ **တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၆ခုနှစ်)**
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၆:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၆။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
- ၁၇:၁၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၂၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၂၅ ၁၀။ သီရိဂေဟာ
- ၁၉:၀၀ ၁၁။ နိုင်ငံခြားဓာတ်လမ်းတွဲ **"သမားတော်"**(အပိုင်း-၁၃)
- ၁၉:၄၅ ၁၂။ ပြည်သူ့အတွက် တပ်မတော် (စက်မှု၊သားငါး၊သတ္တု၊သစ်တော)
- ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ၁၆။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဓာတ်လမ်း "အဖေတူ သား" (အပိုင်း-၃) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ မေသဥ္ဇာဦး (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၄

ဘားအံမြို့ အမှတ်(၉) ရတနာဒီပ ရပ်ကွက် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက် ဓမ္မရိပ်သာ၌ (၃၃)ကြိမ်မြောက် သင်္ကြန်တွင်း ၁၀ ရက် အထူးတရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ဘားအံမြို့ ပြည်နယ် ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ သုဇာတ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောပြောချီးမြှင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဧပြီ ၇ရက် ညနေ ၅နာရီအရောက် လာရောက်နိုင်ပြီး ဖုန်း-၀၅၈-၂၂၀၈၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာ့ပထမဆုံးကျောရိုးဆစ်အစားထိုးကုသမှု တရုတ်ဆရာဝန်များ အောင်မြင်စွာကုသပေးနိုင်ပြီ

အင်တာနက် ဖောင်ပိတ်သတင်း

ပေကျင်း မတ် ၂၄

ကမ္ဘာ့ပထမဆုံးသော ကျောရိုးဆစ်များကြားရှိ အရိုးနုလွှာ အစားထိုးကုသမှုကို လူနာငါးဦးအား တရုတ်ဆရာဝန်များက အောင်မြင်စွာကုသပေးနိုင်ပြီ ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါကျောရိုးအစားထိုး ကုသပေးခြင်းကို ဟောင်ကောင်တက္ကသိုလ်မှ ဆရာဝန်များက ဦးဆောင်လျက် အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား အစားထိုး ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်းသိရသည်။

ယင်းကျောရိုးဆစ်များကြားရှိ အရိုးနုလွှာများကို ရုတ်တရက်သေဆုံးသွားသော အလှူရှင်မိန်းကလေးငယ်သုံးဦးထံမှ ရယူခဲ့ခြင်းဖြစ်ကြောင်းငင်းဆရာဝန်များကပြောကြားသည်။

ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ကျောရိုးခွဲစိတ်ကုသသည့် ကုသထုံးများ ပြောင်းလဲရှာဖွေအသုံးပြုရာတွင် အထောက်အကူ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း အဆိုပါခွဲစိတ်ဆရာဝန်များက ပြောကြားသည်။

ကျောရိုးနာကျင်မှု ပြဿနာများသည် မတော်တဆဖြစ်ခြင်းကြောင့်သော်လည်းကောင်း၊ အလွန်လေးလံသော ပစ္စည်းများကို စနစ်တကျမယူခြင်းမရှိ၍လည်းကောင်း၊ နေ့စဉ်လှုပ်ရှားဆောင်ရွက်မှုများ အလွန်များပြားခြင်းကြောင့်သော်လည်းကောင်း ဖြစ်နိုင်ကြောင်းသိရသည်။ (အင်တာနက်)

မတ် ၁၃ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မြို့နယ်အတွင်းရှိ နာတာရှည်ရောဂါများအား အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်းကို ရွှေနံ့သာရပ်ကွက်နှင့် ကြားတောရရပ်ကွက်များ၌ ဆောင်ရွက်ရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် အမှုဆောင်များက လူနာတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

သထုံမြို့တွင် ကြာပန်း–အနန်းပင်–မဲဘောင်လမ်း(ဂဝံလမ်း)ဖွင့် ငွေကျပ်သိန်း ၁၉၀ကျော် အကုန်အကျခံဆောင်ရွက်ခဲ့

ရန်ကုန် မတ် ၂၄

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် ကြာပန်း–အနန်းပင်–မဲဘောင်လမ်း(ဂဝံလမ်း) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီက ကြာပန်း–အနန်းပင်လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်အောင်နှင့် သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးကာ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယ နိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာ ရေးဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် တိုက်အမှတ် ၆၉ အခန်း (၂၅/၂၆)နေ ကျောင်းအလှူရှင်ဦးရွှေရည်–ဒေါ်စိန်သဇင်၊ သမီး မယုနန္ဒီအောင်မွေးနေ့အလှူအဖြစ် ကျောင်းအလှူငွေကျပ် ၂၅သိန်းကို အကျိုးတော်ဆောင်ဆရာတော် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်များက အလှူငွေလက်ခံယူစဉ်။ (က–ပ)

ဆောင်ရွက်ခဲ့

အဆိုပါ လမ်းမှာ အရှည်ပေ ၈၉၅၀၊ အကျယ်၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့မှငွေကျပ်၁၉၃၈၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သဲအင်းဂူ သင်္ကြန်တွင်း အဓိဋ္ဌာန်တရားစခန်း

ရန်ကုန် မတ် ၂၄

ဇလွန်မြို့ ပြည်တော်ပြန် မြတ်စွာဘုရားကြီးအနီး မစိုးရိမ်ကျောင်းတိုက် သဲအင်းဂူဓမ္မရိပ်သာ အမှတ်စဉ်(၂၅) တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သဲအင်းဂူ ဝိပဿနာအဓိဋ္ဌာန် တရားစခန်းပွဲကို (၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်မှ ကဆုန်လဆန်း ၂ရက် နှစ်ဆန်းတစ်ရက်အထိ) ဧပြီ ၁၁ရက်မှ ၁၇ရက် အထိ ခုနစ်ရက်တိုင်တိုင် ဖွင့်လှစ်မည် ဖြစ်သည်။ တရားစခန်းပွဲတွင် မူလ ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တပည့်ရင်း ဆရာဦးမောင်ကြည် (ပန်းတနော်) က သဲအင်းဂူခန္ဓာကိုယ်တွေ့ဝိပဿနာတရားတော်မြတ်များကို ထေရဝါဒနှင့် အညီ ဟောပြော ပြသမည်ဖြစ်ရာအဓိဋ္ဌာန်ဝင် ယောဂီများ တန်ခူးလပြည့်ကျော် ၉ရက် (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရိပ်သာ ဗုဒ္ဓသာသနာပြုအဖွဲ့သို့ လာရောက်ကြိုတင်စာရင်းပေးနိုင်သည်။

လှူဒါန်းနိုင်

အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ယမကာများနှင့်ဆောက်လုပ်ဆဲသဲအင်းဂူ ဓမ္မရိပ်သာကြီးအတွက် လှူဒါန်းလိုသော အလှူရှင်များ ရိပ်သာသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၃၂ ပထမထပ် သရက်တောလမ်း စမ်းချောင်း ရန်ကုန်မြို့နေ ဖခင်ကြီးဦးလှဒင်–မိခင်ကြီး ဒေါ်မြသိန်းတို့ကို ရည်စူး၍ ဦးလှထွန်း–ဒေါ်ခင်သန်းမြင့်၊ သားမောင်သန်းထိုက်အောင်မိသားစုက ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူးဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အလင်းရောင် မဟာစည်ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ခတ္တာလမ်း (၁)ရပ်ကွက် အလင်းရောင် မဟာစည်ရိပ်သာ (၁၇)ကြိမ်မြောက် သင်္ကြန် ၁၀ရက် တရားစခန်းအားထုတ်ပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူများ၊ ရှင်ပြုဒုလ္လဘရဟန်းခံနှင့် သီလရှင်ပြုလုပ်လိုသူများသည် ဧပြီ၇ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။ အရဏ်၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းလိုသူများသည် ဖုန်း–၆၆၅၃၀၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့တို့ ပူးပေါင်းစီစဉ်သော အထူးတရားပွဲကို သာကေတမြို့ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပြည်တွင်းပြည်ပသာသနာပြု နယ်လှည့် ဓမ္မကထိက မိုးကုတ်အဖွဲ့ချုပ်နာယက အောင်စကြာအရှင်စန္ဒသီရိ (ဓမ္မာစရိယ) အရှင်သူမြတ်က မတ် ၂၉ ရက်မှ ဧပြီ ၂ ရက်အထိ စမ်းချောင်း မြို့နယ် အောင်ချမ်းသာ ရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပာဒ်တရားတော်များ ဟောကြားမည်ဖြစ်ရာ ညစဉ် ၇နာရီမှစ၍ တရားနာယူနိုင်ကြောင်း သိရသည်။

အခြေခံကြံ့ခိုင်ရေး သင်တန်းဖွင့်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒေသအဆင့်အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို အသင်းခန်းမ၌ မတ် ၁၉ရက် နံနက် ၉နာရီကကျင်းပရာ သဘာပတိ အသင်းနာယကဗိုလ်မှူးချုပ်တင်ယုက အဖွင့်အမှာစကား ပြောကြားပြီး အဆိုပြုလွှာပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အသင်းစည်းရုံးရေးမှူး ဦးတင်မြင့်က အဆိုပြုလွှာ ၇၃၉စောင်ကို ခရိုင်အတွင်းရေးမှူး ဦးစိုင်းလုံသို့ ပေးအပ်သည်။ သင်တန်းသို့ မိုင်းဆတ်ခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်းရှိ မိုင်းဆတ်၊ မိုင်းတုံမြို့နယ်များနှင့်ပုံပါကျင်၊ ပိုင်းခုတ်၊ တာလေ၊ ကျိုင်းလပ်မြို့များမှ သင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်ကြသည်။

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

ခုနစ်ရက် တရားစခန်းကျင်းပမည်

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာ အထုတ်ကလေးဂူကျောင်း၌ ဝိပဿနာတရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တိုင် ကျင်းပမည်ဖြစ်ရာ လာရောက်တရားအားထုတ်နိုင်ရန် နိုးဆော်ထားကြောင်း သိရသည်။

သန်လျင် အထက(၁) အာစရိယပူဇော်မည်

ရန်ကုန်တိုင်း သန်လျင်မြို့ အထက(၁)မှ သက်ပြည့်အငြိမ်းစားယူထားကြသူ ဆရာကြီး၊ ဆရာမကြီး ၁၀၁ ဦးတို့အား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်ဆုံတွေ့ပွဲကို မတ် ၂၇ရက် (တပ်မတော်နေ့) နံနက်၈နာရီတွင် အထက(၁)သန်လျင် ပတ္တမြားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ပါမောက္ခချုပ်ဒေါက်တာဦးဝင်း(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) ဖုန်း–၀၅၆–၂၁၈၇၅၊ ဦးမြင့်ထူး(တတိယမျက်လုံး) ဖုန်း–၀၅၆–၂၁၂၄၇၊ ဦးစိန်လွင်(သီဟဆေးမျိုးစုံ) ဖုန်း–၀၉–၅၁–၂၇၀၅၉နှင့် ဦးမောင်မောင်တိုး(ရာဇသောက် ရေသန့်၊ ကိုတိုးအုတ်သဲကျောက်) ဖုန်း–၀၉–၅၀ ၁၁၇၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပန်းဘဲတန်းမြို့နယ်တွင် သင်တန်းပေါင်းစုံဖွင့်

ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ခါနွေဦး အမျိုးသားယဉ်ကျေးမှု စာရိတ္တပညာသင်တန်းနှင့် သင်တန်းပေါင်းစုံ ဖွင့်လှစ်လျက်ရှိရာ မတ် ၁၃ ရက်က အလက(၂)ပန်းဘဲတန်းတွင် မြို့နယ်အလုပ်အမှုဆောင် (လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ တာဝန်ခံ) ဒေါက်တာဝင်းကိုလှက သင်တန်းသားသင်တန်းသူများအား ဟောပြောပို့ချခဲ့သည်။

ဂေါ့ဓား ဂေါ့သွေး ဂေါ့ရောဝတီ ဆက်လက်ပြသ Blood Diamond နိုင်ငံခြားကားသစ် ရုံဝင်လာ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် မတ် ၂၄

မြန်မာဇာတ်ကားသစ် **ဂေါ့ဓား ဂေါ့သွေး ဂေါ့ရောဝတီ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက် ပြသနေပြီး၊ နိုင်ငံခြားဇာတ်ကားသစ် **Blood Diamond** ဇာတ်ကား နေပြည်တော်ရုံတွင် ရုံဝင်လာသည်။

ကျော်သူ၊ ကျော်ရဲအောင်၊ လူမင်း၊ ညွှန့်ဝင်း၊ ထွန်းထွန်းဝင်း၊ မျိုးသန္တာထွန်း၊ နန္ဒာလှိုင်၊ ချိုပြုံးနှင့်ရှုမဝစမ်းစမ်းအေးတို့ ခေါင်းဆောင်ပါဝင်ထားသော နယ်ချဲ့တော်လှန်ရေးရာဇဝင် နောက်ခံ **ဂေါ့ဓား ဂေါ့သွေး ဂေါ့ရောဝတီ** အက်ရှင်ဇာတ်ကားနှင့် အပြိုင် စိန်မှောင်ခိုဂိုဏ်းနှင့်ရောမစိန်တုံးကြီး ပိုင်ဆိုင်သူတို့၏ သည်းထိတ်ရင်ဖို စွန့်စားခန်းများကို ရိုက်ကူးတင်ဆက်ထားသော Blood Diamond ဇာတ်ကားလည်း ရုံဝင်လာသည်။

အရဏ်ဦးရဲ့ လင်းရောင်ခြည် ဇာတ်ကားမှ ဝေဠုကျော်နှင့် ဆုရှုန်းလဲ့။

ရှေ့ဆောင်ရုံတွင် ရှိသစ်ရိုရှန်း၊ အဆီးရှက်ကာ့ချန်၊ အက်ရှ်ဝါရာရိုင်းတို့ ပါဝင်ထားသော ဖောက်ထွင်းဝိဇ္ဇာ အက်ရှင်ဇာတ်ကား Dhoom-2 ပြသနေဆဲ ဖြစ်သည်။

ရွှေဂုန်အပေါ်ထပ်တွင် Cyborg၊ ရွှေဂုန်မြေညီထပ်၌ Maine Dil Tujhko Diya အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဆန်ဂျေးဒတ်၊ ဆိုဟီလ်ခန်း၊ ဆမီလာတို့ ပါဝင်ထားသည့် အက်ရှင်ဇာတ်ကား ဖြစ်သည်။

မြို့မရုံတွင် အက်ရှေးကူးမားနှင့် ကာရီရှိမားကာပူးရ်တို့ ခေါင်းဆောင်ပါဝင်ထားသော Jaanwar အိန္ဒိယဇာတ်ကား ပြသလျက်ရှိသည်။ ဆုထူးပန်ရုံတွင် Keemat ဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အက်ရှေးကူးမား၊ ရာဗီးနားတန်ဒန်နှင့် ဆိုနာလီဗင်ဒါရီ၊ ဆာ့အစ်အလီဆန်းတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ဘုရင့်ရုံတွင် အမီတာ့ဘာချန်၊ အက်ရှေးကူးမားနှင့် အက်ရှ်ဝါရာရိုင်းတို့ ပါဝင်ထားသော Khakee အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။

ဒါရိုက်တာကိုဇော်(အရဏ်ဦး) ရိုက်ကူးပြီး ဝေဠုကျော်၊ မေကဗျာ၊ ဆုရှုန်းလဲ့၊ တင်ဇာဝင်းပြည့်၊ မော့စ်နှင့် ခင်လှိုင်တို့ ပါဝင်ထားသော **အရဏ်ဦးရဲ့ လင်းရောင်ခြည်** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကား နဝဒေးရုံတွင် ရုံဝင်လာသည်။ နိုင်ငံ့အန္တရာယ်ကာကွယ်နေသော တပ်မတော်သားနှင့် လက်နက်ကိုင်များ၏ တိုက်ပွဲများကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသည်။

မြို့လယ် စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် မင်းဦး၊ ထွန်းထွန်း၊ ဟန်နီထွန်းနှင့်ပုလဲဝင်းတို့ခေါင်းဆောင်ပါဝင်ထားသော**၇၂နာရီ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ပြသလျက်ရှိသည်။ အင်းစိန်ရှိ မဟာမြိုင်ရုံတွင် ရော့(ခ်) (Rocker) တေးဂီတနှင့်ရက်(ပ်) (Rapper) တေးဂီတသမားတို့၏ ဘဝကို တေးဂီတများစွာ အသုံးပြုရိုက်ကူးထားသော **သိကြားမင်း ဒေါ့ကွန်း** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကား ပြသနေသည်။ ယင်းဇာတ်ကားတွင် စိုင်းစိုင်းခမ်းလှိုင်၊ ဟက်ကက်၊ ဖိုးကျော်၊ ကျော်သူစိုးနှင့် စတီရီယို အဆိုကျော်များစွာ ပါဝင်ထားသည်။ ။

(မြန်မာ့အလင်း)

အင်တာနက် အားကစားသတင်း အတိုအထွာ

* လိုင်လီနှင့် မန်ယူတို့သည် ပြီးခဲ့သောလက ချန်ပီယံလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ် ဝရုန်းသုန်းကားဖြစ်အောင် လုပ်ခဲ့မှုကြောင့် ယူအီးအက်ဖ်အေက လိုင်လီအသင်းကို ပေါင် ၄၂၀၀၀၊ မန်ယူအသင်းကို ပေါင် ၆၃၀၀ ဒဏ်ငွေရိုက်လိုက်ကြောင်း သိရသည်။

* **ဝီဂန်အသင်းနည်းပြ ပေါလ်ဂျီဝဲလ်အား အက်ဖ်အေက ဖေဖော်ဝါရီ ၁၁ ရက်၌ အာဆင်နယ်အသင်းနှင့် ဝီဂန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့စဉ် ဒိုင်လူကြီး ဖီးလ်ဒေါ့ကို ဝေဖန်ပြောကြားခဲ့သဖြင့် ပေါင် ၂၀၀၀ ဒဏ်ငွေရိုက်ပြီး နှစ်ပွဲပိတ်ပင်လိုက်သည်။**

* နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ကမ္ဘာ့ဖလားတွင် ရရှိခဲ့သည့် ဒူးခေါင်းဒဏ်ရာခွဲစိတ်မှုမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် ယခုနှစ်ဘောလုံးရာသီမကုန်မီ နယူးကာဆယ်အသင်းတွင် ပြန်လည်ပါဝင်ကစားတော့မည်ဖြစ်ကြောင်း သိရသည်။

* **ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအား လာမည့် နွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူသွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ကယ်ဒါရွန်က ပြောကြားလိုက်သည်။**

* ဝက်စ်ဟမ်းတိုက်စစ်မှူး အက်ရှ်တန်သည် ခြေမျက်စိခွဲစိတ်ရမည်ဖြစ်၍ ရာသီကုန်အထိ ပြိုင်ပွဲများနှင့် လွဲမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

* **မီယာမီမြို့တွင် ကျင်းပလျက်ရှိသော ဒဗလျူဂျီစီ-စီအေ ချန်ပီယံရှစ်ဂေါက်ရိုက်ပြိုင်ပွဲ ပထမအဆင့်ပတ်လည်ပြိုင်ပွဲတွင် ဆွီဒင်မှ ဟန်ရစ်စတန်ဆင်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ ဦးဆောင်လျက်ရှိသည်။**

* ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် လာမည့် သီတင်းပတ်၌ ကျင်းပမည့် ကမ္ဘာ့ရေကူးပြိုင်ပွဲ၌ ဘီလ်ဆွစ်တန်ဂမ်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အင်္ဂလန်အိုလံပစ်အဖွဲ့က သတင်းထုတ်ပြန်သည်။

* **လာမည့် ဧပြီ ၈ရက်မှ ၁၁ရက်အထိ စင်ကာပူ မာစတာဂေါက်ရိုက်ပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ကြောင်း စင်ကာပူဂေါက်အဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။** (အင်တာနက်)

လီဗာပူးကို ဘင်နီတက်ဇ်သာ ကိုင်တွယ်သင့် အသင်းပိုင်ရှင်များ ထုတ်ဖော်ပြောကြား

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် မတ် ၂၄

ဘင်နီတက်ဇ်သည် လီဗာပူးအသင်းကို မန်နေဂျာလုပ်ရန် အသင့်တော်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း အသင်းပိုင်ရှင် နှစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။

လီဗာပူးအသင်းမန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်။
(ဓာတ်ပုံ-အင်တာနက်)

ရီးရဲမက်ဒရစ်က ကာပယ်လိုနေရာတွင် ဘင်နီတက်ဇ်အား အစားထိုးရန် လိုလားနေသည်ဟု သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် လီဗာပူးအသင်းပိုင်ရှင်များက အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆွေးနွေးမည်

မိမိတို့အနေဖြင့် အာဆင်နယ်နှင့် မတ် ၃၁ရက်တွင်ကစားအပြီး ဘင်နီတက်ဇ်နှင့် ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်းလည်း အသင်းပိုင်ရှင် ဟစ်က ပြောကြားသည်။ လီဗာပူးအသင်းနှင့် အဆင်ပြေလျှင် မိမိအနေဖြင့် ဘယ်အသင်းမှသွားရန်အကြောင်း မရှိကြောင်း၊ ရီးရဲမက်ဒရစ်က မိမိအား ဆက်သွယ်ခဲ့သည်ဟု စပိန်မီဒီယာများက ရေးသားဖော်ပြနေကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

ပျော်ရွှင်

မည်သည့်မန်နေဂျာမဆို ကျော်ကြားသည့်အသင်းတွင် အလုပ်လုပ်လိုကြကြောင်း၊ ရီးရဲမက်ဒရစ်သည် မိမိဇာတိမြို့ဖြစ်သလို အသင်းဟောင်းလည်းဖြစ်ကြောင်း၊ သို့ရာတွင် လီဗာပူးမှာသာ အလုပ်လုပ်ရတာ ပျော်ရွှင်မိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဆီဗီလာ၏ ရက်ရွှေ့ကစားရန် မေတ္တာရပ်ခံမှု ယူအီးအက်ဖ်အေက ပယ်ချ

လန်ဒန် မတ် ၂၄

စပိန်ကလပ် ဆီဗီလာက ဧပြီ၅ရက်တွင် တော့တင်ဟမ်အသင်းနှင့် ကစားမည့် ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်ကို ရက်ရွှေ့ဆိုင်းပေးရန် မေတ္တာရပ်ခံလာခြင်းကို ယူအီးအက်ဖ်အေက ပယ်ချလိုက်သည်။

ဆီဗီလာအနေဖြင့် ၎င်းပွဲစဉ်ကို ယင်းတို့၏ပွဲတော်တစ်ရပ်ရှိနေခြင်းကြောင့် ရက်ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း ယူအီးအက်ဖ်အေက မည်သို့သောပွဲတော်များရှိစေကာမူ သတ်မှတ်ထားသောပွဲစဉ်ကို ပြောင်းလဲမပေးနိုင်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

ဆီဗီလာအသင်းသည် မစ်ဒယ်ဘရော့အသင်းကို အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်လာခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေ၏ လက်ရှိချန်ပီယံ ဆီဗီလာသည် ပရီမီယာလိဂ်ကလပ် တော့တင်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုမာရီယို ဂိုး ၁၀၀၀ ပြည့်တော့မည်

ဘရာဆီးလီးယား မတ် ၂၄

ဘရာဇီးလက်ရွေးစင် ဂန္ထဝင်တိုက်စစ်မှူး ရိုမာရီယိုသည် ဂိုး ၁၀၀၀ ပြည့်ရန် နှစ်ဂိုးသာလိုတော့သည်ဟုဆိုသည်။

အသက်(၄၁)နှစ်အရွယ်ရှိ ရိုမာရီယိုသည် ဘရာဇီးနိုင်ငံ၏ ထိပ်တန်းကလပ်တစ်ခုဖြစ်သော ဗက်စကိုဒဂါးမား၌ အဓိကတိုက်စစ်မှူးအဖြစ် ပါဝင်ကစားလျက်ရှိသည်။

ဟက်ထရစ်သုံးကြိမ်

၎င်းသည် ယခုနှစ် တစ်နှစ်တည်း၌ပင် ဟက်ထရစ်ဂိုး သုံးကြိမ်တိုင် သွင်းယူခဲ့ပြီးဖြစ်သည်။ ရိုမာရီယို၏ ပရိသတ်များက မတ် ၂၄ ရက်တွင် ပြိုင်ဘက် ဖလာမင်ဂိုအသင်းနှင့် ယှဉ်ပြိုင်မည့်ပွဲတွင် စောင့်ကြည့်နေကြမည်ဟု ဆိုသည်။

ယခုအထိ ရိုမာရီယိုသည် ပီလီပြီးလျှင် ကမ္ဘာတွင် ဂိုးအများဆုံးသွင်းထားသည့် တိုက်စစ်မှူးဖြစ်သည်။ ပီလီသည် ဂိုးပေါင်း ၁၂၈၂ဂိုး သွင်းယူနိုင်ခဲ့သည်။ ဂိုးပေါင်းတစ်ထောင်ကျော် သွင်းနိုင်သည့် တိုက်စစ်မှူးများတွင် ပီလီတစ်ဦးသာ ရှိခဲ့သည်။ ပီလီပြီးလျှင် ရိုမာရီယိုသည် ဂိုးတစ်ထောင်ကျော်သွင်းသည့် တိုက်စစ်မှူးများတွင် ဒုတိယမြောက်ဖြစ်လာမည်ဟုဆိုသည်။ **(အင်တာနက်)**

ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုမာရီယို။ (ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးတိုက်စစ်မှူးလေး ရော်ဘင်ဟို

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် မတ် ၂၄

၁၉၅၈ခုနှစ်က စတင်ပြီး ကမ္ဘာ့ဘောလုံးလောကကို ဆွဲကိုင်လှုပ်ရမ်းနိုင်ခဲ့သည့် ကမ္ဘာကျော် ဘရာဇီးဘောလုံးသမားကြီး ပီလီလိုပုဂ္ဂိုလ်မျိုးဟု စံနမူနာတင် ပြောကြားခြင်းခံခဲ့ရသူမှာ ဘရာဇီးတိုက်စစ်မှူးသစ် ရော်ဘင်ဟိုပင် ဖြစ်သည်။

ပီလီလက်သစ်

ပီလီလက်သစ်လေး ရော်ဘင်ဟိုကို အဘယ်ကြောင့် ပီလီနှင့်နှိုင်းယှဉ်ရလောက်အောင် တင်စားချီးမွမ်းခဲ့ရခြင်းမှာ ၁၉၈၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က မွေးဖွားခဲ့သော ရော်ဘင်ဟိုသည် ငယ်စဉ်ကပင် ဘောလုံးကစားရာ၌ ထူးချွန်ပြောင်မြောက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ကစားခွင့်ရ

ဘရာဇီး ဘောလုံးအသင်းသို့ ၂၀၀၄ခုနှစ်တွင် ရွေးချယ်ခြင်းခံခဲ့ရပြီး ဘရာဇီးမှ နာမည်ကျော်ဘောလုံးသမားများဖြစ်သည့် ရိုနယ်ဒို၊ ကာဖူးနှင့် ရောဘတ်တိုကားလို့စ်တို့ အတူကစားခွင့်ရရှိခဲ့သည်။

လက်ရွေးစင်ဖြစ်လာ

ခြေစွမ်းထက်မြက်ပြီး ပါရမီရှင် ဘောလုံးသမားများ ပေါကြွယ်လှသော ဘရာဇီးနိုင်ငံတွင် ရော်ဘင်ဟို တစ်ယောက် ဘရာဇီးဘောလုံးအသင်း လက်ရွေးစင်ဖြစ်လာခဲ့သည်မှာ တော်ရုံကြိုးစား၍ ရခဲ့သည်မဟုတ်ချေ။

ထမင်းမေ့ ဟင်းမေ့

ဘောလုံးကွင်းအတွင်း၌ ည ၁၀ နာရီကျော်အထိ ထမင်းမေ့ ဟင်းမေ့ တစ်ဦးတည်းလေ့ကျင့်ခဲ့သူဖြစ်ပြီး သူ၏ဆန္ဒမှာ ကမ္ဘာကျော် ဘောလုံးသမားတစ်ဦးအဖြစ်နှင့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား တစ်ဦးအဖြစ် ရောက်ရှိလာရေးပင်ဖြစ်ကြောင်း ရော်ဘင်ဟိုကိုယ်တိုင် ပြောကြားခဲ့သည်။

ရေပန်းစားခဲ့

၂၀၀၄ခုနှစ်က ဘရာဇီးဘောလုံးအသင်းတွင် အရန်တိုက်စစ်မှူးအဖြစ် အချိန်ပိုင်း ကစားပေးခဲ့ရသော်လည်း ဘောလုံးသယ်ယူမှု၊ ဂိုးရအောင်ဖန်တီးနိုင်မှုနှင့် ကစားဖော်များနှင့်အတူ အပိုအလိုမရှိ ကွက်တိကစားနိုင်မှုတို့ကြောင့် ပရိသတ်များအကြား ရော်ဘင်ဟိုအမည် ရေပန်းစားခဲ့သည်။



ရော်ဘင်ဟို

ဘရာဇီးနှင့် ရီးရဲမက်ဒရစ် တိုက် စစ် မှူး ရော်ဘင်ဟို၏ ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

ရော်ဘင်ဟို၏ ခြေစွမ်းပြ ကစားနိုင်မှုကို သဘောကျခဲ့သဖြင့် စပိန်ကလပ် ရီးရဲမက်ဒရစ်က ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် ခေါ်ယူကာ ကစားစေခဲ့သည်။ ထိုနှစ်က ရီးရဲမက်ဒရစ်အတွက် ရော်ဘင်ဟိုက စပိန်လာလီဂါတွင် စုစုပေါင်း ၃၁ပွဲ ကစားပေးခဲ့ပြီး ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဂိုးသွင်း

ထိုနှစ်တွင် ဘရာဇီးအသင်းနှင့် နိုင်ငံတကာ ချစ်ကြည်ရေးဘောလုံးပွဲ တစ်ပွဲကစားခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သလို ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ၌လည်း ဘရာဇီးအသင်းအတွက် စုစုပေါင်း ၁၅ပွဲကစားပေးခဲ့ပြီး ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူးဖြစ်လာ

ဘရာဇီးအသင်းအတွက် အားကိုးအားထားပြုစရာ တိုက်စစ်မှူးတစ်ဦးအဖြစ်ရောက်ရှိလာသော ရော်ဘင်ဟိုသည် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ တိုက်စစ်မှူးတစ်ဦးအဖြစ် ပါဝင်ကစားခွင့် ရရှိခဲ့သည်။

ပါဝင်ကစား

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘရာဇီးနှင့် ခရိုအေးရှားပွဲ၊ ဘရာဇီးနှင့် ဩစတြေးလျပွဲ၊ ဘရာဇီးနှင့် ဂျပန်ပွဲ၊ ဘရာဇီးနှင့် ဂါနာပွဲ၊ ဘရာဇီးနှင့် ပြင်သစ်တို့ပွဲများ၌ အရန်တိုက်စစ်မှူးအဖြစ် ပါဝင်ကစားပေးခဲ့သည်။

ရော်ဘင်ဟိုအနေဖြင့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ဂျပန်နှင့် ပွဲစဉ်တွင်သာ တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဘရာဇီးတို့လည်း ကမ္ဘာ့ဖလားနှင့် လွဲခဲ့ရသည်။ ထို့အတူ စပိန် လာလီဂါတွင်လည်း ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ၌ ၁၁ပွဲ ကစားပေးထားပြီး နှစ်ဂိုးသာ သွင်းယူပေးထားနိုင်သေးသည်။

ဘဝင်မကျ

ရီးရဲမက်ဒရစ်အသင်းက ရော်ဘင်ဟိုအနေဖြင့် မိခင်ဘောလုံးအသင်းအတွက် အချိန်တိုင်းသွားရောက်ကစားပေးနေရသည့်အပေါ် ဘဝင်မကျဖြစ်နေသော်လည်း အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့စဉ်ကပင် ဘရာဇီးအသင်းက ခေါ်ယူကစားရာတွင် ခွင့်ပြုရမည်ဆိုသည့် အချက်ကြောင့် မည်သို့မျှ မတတ်နိုင်ဘဲ ဖြစ်နေရသည်။

ဘရာဇီးတိုက်စစ်မှူး

ယခုနှစ်တွင် ဘရာဇီးဘောလုံးအသင်းအတွက် ရော်ဘင်ဟိုသည် ငါးပွဲကစားပေးထားပြီး နှစ်ဂိုးသွင်းယူပေးထားနိုင်သည်။ လက်ရှိဘရာဇီးအသင်းတိုက်စစ်တွင် ရိုနယ်ဒို၊ ရော်နယ်ဒင်ဟို၊ အက်ဒရီယာနို၊ ရော်ဘင်ဟိုနှင့် ဖရက်တို့ရှိနေရာ အသက်အရွယ်ရလာသော တိုက်စစ်မှူး ရိုနယ်ဒိုနေရာတွင် ခိုင်မာစွာရောက်ရှိ နေရာယူလာမည့်သူမှာ ရော်ဘင်ဟိုကလွဲပြီး အခြားသူမဖြစ်နိုင်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထလက်ရည်စစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2007 Fourth Qualify Round) ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကျင်းပသည်။

ရွှေပြားဆု

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Hole-in-One ဆုရရှိသော ဝင်းထွန်းသိန်းအား ရွှေပြားဆု ပေးအပ်ချီးမြှင့်ပြီး Putting Challeng ပြိုင်ပွဲတွင် အနိုင်ရရှိသော စောသီဟမြင့်အားဆုကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ရန်ကုန် ဂေါက်ကလပ်အတွင်းရေးမှူး ဦးအေးချိုက ၂၈၅ကိုက်ဖြင့် Longest Drive ပြိုင်ပွဲတွင် ဆုရရှိသော နေဒွန်းအားလည်းကောင်း၊ တစ်ပေခွဲဖြင့် Nearest to the Pin ပြိုင်ပွဲတွင် ဆုရရှိသော ရန်မျိုးအေးအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အပေါ်ပုံ)**က ပြိုင်ပွဲတွင် Nett Total ၁၃၉ ချက်ဖြင့် ပဥ္စမရရှိသော ရန်မျိုးအေးနှင့် Nett Total ၁၃၉ ချက်ဖြင့် စတုတ္ထရရှိသော ခင်မောင်မြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က Nett Total ၁၃၈ချက်ဖြင့် တတိယရရှိသော ဝင်းထွန်းသိန်း၊ Nett Total ၁၃၈ချက်ဖြင့် ဒုတိယရရှိသော ရန်နိုင်ဖြိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး Nett Total ၁၃၇ချက်ဖြင့် ပထမရရှိသွားသော Derek Htet Doe အား Trophy ဆုနှင့် ရွှေပြားဆုကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် IBTC မှ Production Director ဦးဇော်ထိုက်က နှစ်သိမ့်ဆု ရရှိကြသော ပထမမှ အဋ္ဌမအထိ အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး IBTC က ချီးမြှင့်သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ် အတွင်းရေးမှူးက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်ပြီး Co-sponsors များအဖြစ် Air Mandalay၊ Hotel Nikko၊ Srixon နှင့် Alpine တို့က ထပ်မံ၍ ပံ့ပိုးကူညီပေးကြပြီး စတုတ္ထလက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized by Han Event Management)က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူသစ်တန်းမောင်ပြိုင်ပွဲ

လူသစ်တန်း မောင်ပြိုင်ပွဲ ပထမဆုရ ညီညီဇော် (လှိုင်သာယာမြို့နယ်)၊ ဒုတိယဆုရ စိုးထွန်း (ကမာရွတ်မြို့နယ်)နှင့် တတိယဆုရ စိုးတင်ဦး (သဃ်န်းကျွန်းမြို့နယ်) တို့အား ဆုယူအပြီး တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကာယအလှ

အမျိုးသမီး ကာယအလှမယ် ပြိုင်ပွဲတွင် ပထမရရှိသွားသော အင်းစိန်မြို့နယ်မှ ဟေမာစိုးဝင်း ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းကာယဗလနှင့် ကာယအလှဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် Mr. Rico (ကာယဗလမောင်) Ms. Rina (ကာယအလှမယ်) ပြိုင်ပွဲကို ယနေ့နံနက်၁၁နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ကာယဗလမောင်ဆုကို ခင်မောင်ကျော်(မရမ်းကုန်း)နှင့် ကာယအလှမယ်ဆုကို ဟေမာစိုးဝင်း (အင်းစိန်) တို့က အသီးသီးရရှိသွားသည်။

လူသစ်တန်းပြိုင်ပွဲ

အမျိုးသားလူသစ်တန်း ကာယဗလမောင်ပြိုင်ပွဲတွင် ပထမ ညီညီဇော် (လှိုင်သာယာ)၊ ဒုတိယစိုးထွန်း(ကမာရွတ်)၊ တတိယ စိုးတင်ဦး(သဃ်န်းကျွန်း)တို့က ရရှိပြီး၊ အငယ်တန်းမောင်ပြိုင်ပွဲ တွင် ပထမ မြတ်ထွန်းမင်း၊ ဒုတိယမိုးဆွေနှင့် တတိယသန်းလှိုင်တို့ အသီးသီးရရှိသွားကြသည်။

အကြီးတန်းနှင့်အလွတ်တန်း

အကြီးတန်း မောင်ပြိုင်ပွဲတွင် ပထမသန့်စင်၊ ဒုတိယသန်းနိုင်(ကကရေ)နှင့် တတိယခင်ဦး (တောင်ဥက္ကလာပ)တို့ ရရှိပြီး အလွတ်တန်းမောင်ပြိုင်ပွဲ တွင် လေးဦးပါဝင်ယှဉ်ပြိုင်ကြရာ ပထမခင်မောင်ကျော်(မရမ်းကုန်း)၊ ဒုတိယသန်းဇော်ထိုက်နှင့် တတိယမောင်မြင့်တို့ အသီးသီးရရှိသွားကြသည်။

မစ္စတာ Rico ပြိုင်ပွဲတွင် ပထမခင်မောင်ကျော် (မရမ်းကုန်း)၊ဒုတိယသန်းဇော်ထိုက်နှင့်တတိယညီညီဇော်တို့ရရှိသည်။

ဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လိုလိန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဣန္ဒာသယလမ်း၊ အမှတ် ၁၄ နေ
(ဦးလွင်ဝင်း)-ဒေါ်ဆွေဆွေမြင့် တို့၏သား

မောင်မျိုးမင်းမြတ်

A.G.T.I (Civil)
Advanced Diploma in Quality Engineering and Management (Singapore)
Indeco Engineers Pte., Ltd. (Singapore)

နှင့်

ဘရပ်ဆဲလ်မြို့နေ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး
ဦးဝဏ္ဏမောင်လွင်-ဒေါ်လင်းလင်းတင်တို့၏သမီး

ဒေါက်တာ တင်သစ္စာလွင် M.B.,B.S (Ygn:)

လက်ထောက်ဆရာဝန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး

တို့၏ ၂၄-၃-၂၀၀၇ ရက်တွင် Sedona Hotel Grand Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများအားလည်းကောင်း၊ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များကို ချီးမြှင့်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော တိုင်းမှူးများနှင့်ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ၂၃-၃-၂၀၀၇ရက်တွင် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာနေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးခဲ့သော တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော The Aces တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မပြုံးလဲ့ဝေလွင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မခင်သက်ထား၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မကြည်သာနှင်းလွင်၊ သတို့သားအရံ မောင်မြတ်တည်နှင့် ဒေါက်တာစိုးလူကျော်၊ သတို့သမီးအရံ မနှင်းနှင်းလှိုင်နှင့် မသီတာအောင်၊ မေတ္တာဖြင့် ရတနာအလှဆင်မြန်းပေးသော ဆရာမဒေါ်မြင့်မြင့်အေး၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မမဥ္ဇူ၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် ခင်စန်းဝင်း၊ ပန်းအလှပြင် Eternal Flowers၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးမင်းမြတ်-ဒေါက်တာတင်သစ္စာလွင်။

မင်္ဂလာဦးဆုမွန်

အစ်ကိုကြီး **ကိုမျိုးမင်းမြတ်** နှင့် မမကြီး **မသစ္စာ** တို့၏ မော်ကွန်းတင်လက်ထပ်မင်္ဂလာရက်မြတ် ၂၃-၃-၂၀၀၇ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးတစ်လျှောက် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ညီမလေး-လင်းမာလာလွင်(သဲသဲ)
မောင်လေး-လင်းမင်းမောင်လွင်(ဖိုးသား)။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းလင်း-ဒေါ်ယုယုဝေတို့၏သားထွေး

မောင်ထိန်လင်း

AGTI, MCP
Assistant Information Technology Manager
Shangri-la's Barr AI Jissah Resort & Spa
Muscat, Sultanate of Oman

နှင့်

ရန်ကုန်မြို့နေ ဦးလှဝင်း(အမှုဆောင်အင်ဂျင်နီယာ၊ ငြိမ်း၊ M.E.P.E)-
ဒေါ်အုန်းမြင့်(အလယ်တန်းပြဆရာမ၊ ငြိမ်း၊ အထက-၁၊ မင်္ဂလာတောင်ညွန့်)တို့၏သမီး

မညွန့်ညွန့်ဝင်း B.Com(Q) CPA

Assistant Director of Finance
Shangri-la's Barr AI Jissah Resort & Spa
Muscat, Sultanate of Oman

တို့၏ ၁၈-၃-၂၀၀၇ရက်(တနင်္ဂနွေနေ့) Traders Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးခဲ့သော တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးသော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးကျော်အေးနှင့်ဇနီး ဒေါ်လေးရှင်တို့အားလည်းကောင်း၊ ၂၄-၃-၂၀၀၇ရက် (စနေနေ့) Traders Hotel Myanmar Ballroom ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ပြည်ပပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၊ သုခမ္မမဏိဇောတရေ၊ သီရိသုဓမ္မမဏိဇောတရေ ဦးမောင်လှနှင့်ဇနီး ဒေါ်ရှုလှိုင်၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးခဲ့သော ဦးမြတ်လွင်နှင့်ဒေါက်တာရဲလင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်း၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာဖြိုးဖြိုးသူ၊ မင်္ဂလာအောင်စံပယ်ပန်း ဗန်းကိုင်ဆောင်သူ မမိုးပွင့်စံ၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာဇော်ဝင်း၊ ကိုတင်ကိုကိုဝင်း၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာဖြိုးဝေဝေအိ၊ သဉ္ဇာညိုဝင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မမဥ္ဇူ၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် အောင်အောင်(တောင်ကြီး)၊ ပန်းအလှပြင်ဆင်ပေးသော လင်းလင်းနှင့် ဓာတ်ပုံဗီဒီယိုမှတ်တမ်းများ ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပေးကြသော ဆွေမျိုးသူငယ်ချင်းများအားလုံးကိုလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားလုံးအားလည်းကောင်း၊ ၂၄-၃-၂၀၀၇ရက်ည Royal Garden Restaurant တွင်ကျင်းပသော မင်္ဂလာညစာစားပွဲကို ကြွရောက်ချီးမြှင့်ပေးပါသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထိန်လင်း-မညွန့်ညွန့်ဝင်း။

ဒဂုံအလက(၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

ဒဂုံမြို့နယ် အလက(၂) (ယခင် မင်းမနိုင်အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ယူခဲ့ကြသည့် ကျောင်းအုပ်ကြီးများနှင့် သက်ပြည့်ပင်စင်ယူခဲ့ကြသော ဆရာ၊ ဆရာမများအား ကျောင်းသားဟောင်းများက(၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် မေ ၁ရက် (အလုပ်သမားနေ့)(အင်္ဂါနေ့)၌ အလက(၂)ဒဂုံ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၃၇၉၁၇၈၊ ကိုနိုင်ဦး ဖုန်း-၀၉-၅၁-၉၉၉၉၂၊ ဒေါ်စန်းစန်းဝေ ဖုန်း-၅၁၉၂၇၄၊ ၅၁၉၃၀၂၊ ဒေါ်ခင်စုစုကြည် ဖုန်း-၃၇၄၀၈၅၊ ဒေါ်ခင်အေးမူ ဖုန်း-၃၇၄၁၂၃ (ကျောင်းချိန်)၊ ကိုတင်အေး ဖုန်း-၂၄၂၄၇၂၊ ကိုငြိမ်းချမ်းဦး ဖုန်း-၀၉-၈၀-၂၄၀၇၂နှင့် ကိုကျော်လင်းထက် ဖုန်း-၀၉-၉၉-၂၈၀၂၀ တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြသည်။ လာမည့် **မတ်၃၀ ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အလက(၂)ဒဂုံ**၌ အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ဆွေးနွေးအကြံပြုကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ အလှူငွေများကို ကျောင်းချိန်အတွင်း အလက(၂)ဒဂုံ၌ လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော် လမ်းညွှန်မြေပုံစာအုပ်ကို ၁၅-၂-၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀/-နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်	မန္တလေး
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ	အာရုံသစ်စာပေ	နဂါးစာပေ
ကော်မတီရုံး - ၀၆၇-၄၁၄၅၉၂၊ စီမံရေးရာဌာန - ၀၆၇-၄၁၄၂၈၉။	၀၁-၂၄၁၂၆၃	၀၂-၃၅၂၆၇

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို) သဘင်သက်ကြီးပူဇော်ပွဲ

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)က ရန်ကုန်တိုင်း သဘင် သက်ကြီးပူဇော်ပွဲကို လာမည့် ဧပြီ ၂၉ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ မန္တလေးမြို့ သဘင်သက်ကြီးပူဇော်ပွဲကို မန္တလေးမြို့၌လည်းကောင်း ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပါဝင်လှူဒါန်းလိုသော စေတနာရှင်များသည် ရန်ကုန်တိုင်း သဘင်သက်ကြီးပူဇော်ပွဲအတွက် အမှတ် ၁၃၅၊ ၂၁လမ်း၊ လသာမြို့နယ်ရှိ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဖုန်း-၃၇၁၅၂၈၊ ၂၅၃၇၇၃တို့သို့လည်းကောင်း၊ မန္တလေးမြို့ သဘင်သက်ကြီးပူဇော်ပွဲအတွက် သဘင်လုပ်ငန်းကြီးကြပ်မှုကော်မတီ လောကနတ်ခန်းမ ၄၂လမ်း၊ ၈၄လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)။

အမည်ပြောင်း

အဖ ဦးကံထွေး၏သမီး ပခုက္ကူမြို့နယ် ကမ္ဘသောင်ခုံရပ်ကွက်နေ မစုမွန်လှိုင်ဇင်အား မစုမွန်လှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မစုမွန်လှိုင်။



မန္တလေး၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၂၄

မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးရပ်ကွက် ဘုရားကြီးအရှေ့ဘက်မုခ် အခန်းအမှတ်(၄)ဦးဝင်းတင် (ထိန်လင်း လျှပ်စစ်ပစ္စည်းနှင့် သင်္ကန်းရောင်းဝယ်ရေး)၏ဆိုင်ခန်း၌ မတ်၁၄ရက် ညနေ ၄နာရီ မိနစ်၂၀အချိန်တွင် ဆိုင်ကယ်ဆီထုတ်ရာမှ မီးလောင်မှုဖြစ်ပွားရာ ဆိုင်ခန်းမျက်နှာကြက်ပေါ်တွင် အိပ်ပျော်နေသော မောင်ရဲထွန်း (၂၃)နှစ်မှာ မီးလောင်သေဆုံးသွားပြီး ဗဟိုမီးသတ်နှင့်မြို့နယ်မီးသတ်ကား ၁၅စီးလာရောက်ငြိမ်းသတ်ခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် ဆိုင်ခန်းတန်ဖိုးငွေ ကျပ်နှစ်သောင်း ဆုံးရှုံးသွားကြောင်း သိရသည်။

မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက် ၁၇၈ တိုက်ခန်းအမှတ် ၁၂၀၊ ၈၃ x ၈၄လမ်းကြား ၂၆ လမ်းရှိ အပေါ်ထပ်ခြောက်လွှာနေ ဦးမောင်နုတိုက်ခန်း၌ မတ်၁၄ရက် ည ၉နာရီ၃၅မိနစ်တွင် မီးစက်ထဲ ဆီရှိမရှိကို ဖယောင်းတိုင်မီးဖြင့် ကြည့်ရှုရာမှမီးလောင်မှုဖြစ်ပွားရာ ဗဟိုမီးသတ်ကားတစ်စီး လာရောက်ငြိမ်းသတ်ပြီး မီးလောင်ကျွမ်းမှုကြောင့် တန်ဖိုးငွေကျပ် ငါးထောင် ဆုံးရှုံးသွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးမြင့်ငွေ ၇/ပခန(နိုင်)၀၉၅၄၂၈၊ ဒေါ်ငွေငွေရီ ၇/ပခန(နိုင်)၀၉၅၄၂၇တို့၏ သမီးဖြစ်သူ မနွေးသီရိဝေသည် မိဘညီအစ်ကိုမောင်နှမများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငှင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးမြင့်ငွေ-ဒေါ်ငွေငွေရီ။



စစ်ကိုင်းတိုင်း ကောလင်းမြို့ကုန်းရပ်နေ ဒေါ်ဆင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကိုအနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူးဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေတာရှည်မြို့ မယ်ဒက်ကယ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရေတာရှည် မတ် ၁၅

ပဲခူးတိုင်း ရေတာရှည်မြို့နယ် သမိုင်းဝင်မယ်ဒက်ကယ်စေတီတော် **(ယာပုံ)** ဗုဒ္ဓပူဇနိယပွဲတော်ကို ဂေါပကအဖွဲ့ကကြီးမှူး၍ မတ် ၂၃ရက်မှ ဧပြီ၁ရက်အထိကျင်းပလျက်ရှိသည်။

ပွဲတော် ဖွင့်ပွဲအခမ်းအနားကို တန်ခူးလဆန်း ၆ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲအတိုင်း ပျော်ပွဲရွှင်ပွဲ၊ ဗီဒီယို၊ ရုပ်ရှင်နှင့် ဇာတ်ပွဲများဖြင့် ကျင်းပ၍ နေ့စဉ်ရွှေသက်န်းကပ်လှူ ပူဇော်မည်ဖြစ်သည်။ ဈေးဆိုင်ခန်း ရောင်းသူများ၊ လှူဒါန်းပူဇော်လိုသူများ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ဟန် ဖုန်း-၂၂၆၊ ဒုတိယဥက္ကဋ္ဌဦးကြည် ဖုန်း-၂၈၀နှင့်အတွင်းရေးမှူး ဦးအေးငွေတို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အမြို့မြို့ အနယ်နယ် သတင်းများ

ပျဉ်းမနားမြို့နယ် ပညာရေးဌာနကကြီးမှူး၍(၁၃)ကြိမ်မြောက် သက်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲကို ဖေဖော်ဝါရီ၂၈ရက်က အထက(၁) ရတနာမွန် ခန်းမတွင် ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးလှထူးက ပူဇော်ငွေများကို တစ်ဦးချင်း လှူဒါန်းစဉ်။ (ဝ၉၉)

ကမ္ဘာ့အလင်းရောင်စေတီတွင် လုပ်အားဒါနပြု

မြောင်းမြ မတ် ၂၂

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မြောင်းမြမြို့ဟောင်းတွင်ရှိသော မြစိမ်းတောင် သာသနာတော် နယ်မြေ၌ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာသရိယ ဆရာတော်ကြီး ဦးဆောင်၍ သမိုင်းဝင် စေတီဟောင်းများ ဖော်ထုတ်ပြုပြင်ခြင်းနှင့်(၁၀၈)တောင်အမြင့်ဆောင်သော ကမ္ဘာ့အလင်းရောင် စေတီတော် တည်ထားရေးတွင် အမြို့မြို့၊ အနယ်နယ်မှ လုပ်အားဒါနများ လာရောက်ကုသိုလ်ယူလျက်ရှိရာ မတ် ၁၃ရက်က ကန်ကြီးတောင် မြို့နယ်နှင့် လပွတ္တာမြို့နယ်မှစေတနာရှင်များ အုတ်သယ်၊ ရေသယ်၍ ကုသိုလ်ပြုကြသည်။

လှူဒါန်း

ယင်းသို့အဖွဲ့လိုက် ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တရားအားထုတ်သူများနှင့် လုပ်အားဒါနပေးလှူသူများကို မြစိမ်းတောင် သာသနာတော်မြေမှ နေ့စဉ် စတုဒိသာဆွမ်းများ ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

(က-ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ် ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှု ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လည်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော နှောကုန်း-မင်းကုန်း-အရှေ့လက်ခုပ်ပင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးကျော်ဇေယျနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော် တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၆-၃-၂၀၀၇ (တနင်္လာနေ့)
- ❑ Promoting Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Teaching Grammar
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသောဆရာ၊ ဆရာမများ

၂၈-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ Descriding Places
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Talking About Families
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၂၉-၃-၂၀၀၇ (ကြာသပတေးနေ့)
- ❑ Expressing Likes and Dislikes
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- Asking for and Giving Direction
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- Making Offers and Request I
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၃၀-၃-၂၀၀၇ (သောကြာနေ့)
- ❑ Making Offers and Request II
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- Making Suggestions
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- Making Comparison
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၃၁-၃-၂၀၀၇ (စနေနေ့)
- ❑ Analysis of Financial Statements
  - တတိယနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ The Nature and Scope of International Economics
  - တတိယနှစ် စီးပွားရေး အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Marketing Definitions and Marketing Concepts
  - တတိယနှစ် စီးပွားရေး အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Contributions of Agriculture to Economic Development
  - တတိယနှစ် စီးပွားရေး အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Psychological Research
  - တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Treatment and Services
  - တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Psychological Statistics- Measures of Central Tendency
  - တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Sport Psychology -Attention, Arousal and Anxiety in Sport
  - တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Mood Disorders
  - တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Frequency Distribution
  - တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Abnormal Psychology
  - တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁-၄-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ သတ္တဗေဒ
  - တတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ အိန္ဒိယစာပေသမိုင်း
  - တတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ပါရာယန ဝတ္ထု
  - တတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Common law System
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Conflict of Law
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Collision
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Country Profile of ASEAN Members
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Role of Agriculture and its Contribution to Economic Development
  - တတိယနှစ်စီးပွားရေး၊ အိမ်တွင်းစီးပွား အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Simple Random Sampling
  - တတိယနှစ်စီးပွားရေး၊ အိမ်တွင်းစီးပွား အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Analysis of Financial Statements
  - တတိယနှစ်စီးပွားရေး၊ စီးပွားစီမံ အထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Linear Regression Model (In Matrix Approach)
  - တတိယနှစ် စီးပွားရေးပညာ အထူးပြုကျောင်းသား၊ ကျောင်းသူများ

ရန်ကုန်တိုင်းဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက် အင်းလျားမြိုင်လမ်း အမှတ် (၄၇-ဘီ)နေ ဦးသိန်းလွင်-ဒေါ်ရီရီနှဲ့ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းမင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ၁၀သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခဏ္ဍာသိမ်ကျောင်းရေစက်ချ

ကောလင်း မတ် ၅

ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စု လှည်းပွဲကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသောဘဏ၊ ကျောက်ကြမ်းတောင်ဆရာတော် ဘဒ္ဒန္တဥက္ကာသေနတို့အား အမှူးထား၍ လှည်းပွဲကျောင်း ခဏ္ဍာသိမ်ကျောင်း ရေစက်ချပွဲနှင့် ပထမအကြိမ်မြောက် အသံမစဲ မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်မှ ၁၅ရက်အထိ ကျင်းပရာ အလှူရှင် ဦးကျော်စိုး-ဒေါ်စောမြင့်သိန်း၊ ဦးသာချို - ဒေါ်ရီရီဝင်း မိသားစုတို့က သိမ်ကျောင်းကုန်ကျငွေနှင့်ပထမအကြိမ် အသံမစဲ မဟာပဌာန်းပွဲအတွက် ဝတ္ထုငွေများကို ဘဒ္ဒန္တ သောဘဏထံ ဆက်ကပ် လှူဒါန်းကြသည်။ (၀၂၆)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ် ၃၇ စမ်းချောင်းလမ်း ရန်ကုန်မြို့နေ Captain ဦးသိန်းထူး(Maersk Line)-ဒေါ်နီနီဝင်း (ရွှေမှီပရိဘောဂတိုက်)၊ သမီး စုနေခြည်ထူး၊ သား အာကာထူးတို့က အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နန်းဥတ္တရစာကြည့်တိုက် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး၊ သုတရသ စာအုပ်မျိုးစုံလှူဒါန်း

မန္တလေး မတ် ၁၀

နန်းဥတ္တရစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် ဖောင်တော်ဦးဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးစောဌေးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် စာကြည့်တိုက် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးဦးစောဌေးက စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးတို့ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ စာအုပ်၊ စာစောင်များ တိုးပွားရရှိရေး၊ စာအုပ်၊ စာစောင်များ စနစ်တကျ ငှားရမ်းဖတ်ရှုနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစောဌေးက နန်းဥတ္တရ စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်မျိုးစုံ ၁၀၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဖျာပုံလမ်း အမှတ် ၂၁နေ ဦးသန်းငွေ-ဒေါ်ဌေးဌေးကြည်၊ သမီး အိလဲ့ဖြူမိသားစုနှင့် လှိုင်သာယာမြို့နယ် ပိတောက်ဝါ ၃ လမ်း အမှတ် ၂၈ နေ သမီးမဆုရည်မွန်အား ရည်စူး၍ ဦးဇော်မင်းတိုး-ဒေါ်ဝင်းမမမိုး၊ သား ကောင်းထက်ပြည့်စုံ၊ သမီး အိမ့်ပိုင်ပိုင်မင်း မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေစေတီရံများ ရာသက်ပန်ရွှေသင်္ကန်းနှင့် ထာဝရပဒေသာပင် နှစ်ပင်အတွက် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

မုဒုံ စာစင်လမ်းမကြီး အခြေခံပညာမူလတန်းကျောင်း အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပ

မုဒုံ မတ် ၁၉

မုဒုံမြို့ စာစင်လမ်းမကြီး အခြေခံပညာမူလတန်းကျောင်း၏ အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများနှင့် မြို့နယ်ပညာရေးမှူးများ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၁၈ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ စာစင်လမ်းမကြီး ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ ဆရာမများ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

လှူဒါန်း

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးမင်းသောင်းဟန်က ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်ပေါ်လာပုံနှင့် ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားပြီး **(ဝဲပုံ)** ဆရာကြီး ဆရာမကြီး ၁၀ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ပေးအပ် လှူဒါန်းခဲ့ကြသည်။

အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ ကိုယ်စား မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးစောကွယ်ထူးက ဆုတောင်းမေတ္တာပို့သသည်။ **(၃၃၀)**

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

အလှူရှင် ဦးသိန်းစော-ဒေါ်လှငွေ လှူဒါန်းသော ဝေါမြို့နယ်လက်ပံသုံးပင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း တစ်ထပ်ကျောင်းဆောင်သစ် လှူဒါန်းပွဲကို ဖေဖော်ဝါရီ၂၃ ရက်ကကျင်းပရာ လက်ပံသုံးပင်ကျေးရွာ ဥက္ကဋ္ဌက ဝေါမြို့နယ်ဥက္ကဋ္ဌ ဦးတင်နုထံသို့ ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် အလံပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

သန်လျင် ခဲမဖြူသတ္တုသန့်စင်စက်ရုံ စက်ရုံမှူး ဦးတင်အေးနှင့် ဝန်ထမ်းများအား မတ် ၂ရက်က ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ် ဦးစီးအရာရှိ ရဲသူရသော်ဒါနှင့် စခန်းမှူး ဦးထွန်းလင်းတို့က စက်ရုံ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသစဉ်။ (ခရိုင် ပြန်/ဆက်)

လယ်ယာ (၁၆) လက်တွန်းထွန်စက် စဥ့်ကူးမြို့တွင် မောင်းနှင်သရုပ်ပြ

စဥ့်ကူး မတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ကျောက်ဆည်(အင်းကုန်း)မှ ထုတ်လုပ်သော ပြည်တွင်းဖြစ် လယ်ယာ(၁၆) နှင့် လယ်ယာ(၂၂)လက်တွန်းထွန်စက် စက်စွမ်းရည်မြင့် ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းပွဲနှင့် မောင်းနှင်သရုပ်ပြပွဲတို့ကို မတ်၁ရက် နံနက်ပိုင်းက စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမရှေ့တွင် ကျင်းပသည်။

သရုပ်ပြ

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန အမရပူရမြို့ အမှတ်(၆၃) ထွန်စက်စခန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးစည်သူကျော်က လယ်ယာ(၁၆)နှင့်(၂၂)လက်တွန်းထွန်စက်တို့၏ မြင်းကောင်ရေအားဓားစက်ထွန်သွား တပ်ဆင်အသုံးပြုမှု၊ စက်စွမ်းအား ပိုမိုမြင့်မားအောင် ဆောင်ရွက်ထားမှုများနှင့် တောင်သူများ ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်ရေးအတွက် သုံးနှစ်၊ သုံးရစ်စိုက်ဘဏ်စနစ်ဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး စက်စွမ်းရည်ကို လက်တွေ့မောင်းနှင်သရုပ်ပြသသည်။ **(ယာပုံ)**

အဆိုပါ လယ်ယာ(၁၆)နှင့်(၂၂) လက်တွန်းထွန်စက်များကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီများအတွင်း စဥ့်ကူးမြို့နယ်တွင် လယ်ယာ (၁၆) စီးရေ ၁၀ စီးနှင့် လယ်ယာ(၂၂)စီးရေ ၁၇စီးတို့ကို စိုက် ဘဏ်စနစ်ဖြင့် တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

တရားရုံး

၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ်- (၆၀/၂၀၀၆)

မန်နေဂျာ		ဦးပန် ပါ(၂)
မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	အောင်သာကျေးရွာ
သာစည်မြို့။		သာစည်မြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၂ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် မေလ ၄ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့နယ် အောင်သာကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၃၉/အောင်သာကွင်း) ဦးပိုင်အမှတ်(၁၆၆)၊ မြေကွက်အမှတ် (၅၇၉)၊ ဧရိယာ ၀ဒသမ၃၁၆ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇ x ၂၇)ပေ လူနေနှစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်(၅၅)သိန်း

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် မတ် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

စက်နှင့်စက်ပစ္စည်းများဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို မြန်မာကျပ်ငွေ/ဒေါ်လာဖြင့်ဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်
၁။	ကြွေဖုတ်လုပ်ငန်းသုံး ခြင်း၊ ဇန်းများပြုလုပ်သည့်ပစ္စည်းများ	(1) Lot	၂၃-၄-၂၀၀၇
၂။	ပုံသွင်းပုံထောင်းစက်များ အကြီးစားပြုပြင်မွမ်းမံခြင်း	(1) Lot	၂၃-၄-၂၀၀၇
၃။	ကြွေကြိတ်အိုး(၄၀၀Kg၊၂၀၀Kg) နှင့်အရန်ပစ္စည်းများ	(2) Set	၂၃-၄-၂၀၀၇
၄။	Heater Rod	(60) No	၆-၄-၂၀၀၇
၅။	ဓော်ဘာခြံလုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်းကိရိယာများ	(1) Lot	၆-၄-၂၀၀၇

၂။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း ရန်ကုန်တွင်ရုံးချိန်အတွင်း ဆက်သွယ်ပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။ အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ် ၀၁-၅၆၀၆၈၄၊ ၀၆၇-၄၀၈၁၄၆။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

စတင်ဖွင့်လှစ်နေပါပြီ

☎ : 01-513109,701387,500544

: 095179721

ဟဲဟိုးမြို့ လောကစက္ကူသဗ္ဗညု ရွှေသာလျောင်းဘုရားကြီး ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ လေသာတောင်ပေါ်တွင် တည်ထားကိုးကွယ်ထားသည့် လောကစက္ကူသဗ္ဗညုရွှေသာလျောင်းဘုရားကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ၂၀၀၇ခုနှစ် မတ်လ (၂၉)ရက်နေ့မှ ဧပြီလ (၁)ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ ရဟန်းရှင်လူအပေါင်း ကြွရောက်ကြည်ညို သဒ္ဓါပွားများနိုင်ကြပါစေကြောင်း ဖိတ်ကြားအပ်ပါသည်။

ဘုရားပွဲကျင်းပရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်

၂၀၀၆ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ်-၃၁၈

ဦးမောင်မောင် ပါ-၂	**နှင့်**	ဦးကြည်မြင့် (၎င်း၏ကိုယ်စားလှယ်ဒေါ်ခင်မေညွန့်)
လျှောက်ထားသူများ		**လျှောက်ထားခံရသူ**

သို့

ဦးကြည်မြင့် (၎င်း၏ကိုယ်စားလှယ် ဒေါ်ခင်မေညွန့်) အမှတ် ၁၅၆(ဘီ) မြေညီထပ်၊ အနော်ရထာလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ လျှောက်ထားခံရသူ သိစေရမည်။

လျှောက်ထားသူက မိမိအား ရန်ကုန်မြို့ တရားရုံးချုပ်၏ ၂၀၀၆ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၁၆၆တွင် ချမှတ်လိုက်သော ၂၀၀၆ခုနှစ် ဇူလိုင်လ ၂၄ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ်၌ အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပေးပါမည့်အကြောင်း အထက်အမည်ပါ ဖော်ပြလျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေက တင်သွင်း၍ တရားရုံးချုပ်တွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါလျှောက်လွှာနှင့် စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားရုံးချုပ်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ တရားရုံးချုပ်၊ တရားမဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးထံ ကန့်ကွက်ချက်များ တင်သွင်းလိုက တင်သွင်းရန် (၂၀၀၇ခုနှစ် ဧပြီလ ၆ ရက်) နံနက် ၁၀ နာရီ အချိန်တွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၇ခုနှစ် မတ် ၁၅ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ- ဒေါ်စုငယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာန၊ ဌာနစု(၄)၊ တရားရုံးချုပ်၊ ရန်ကုန်မြို့။

အမည်ပြောင်း

တောင်ကြီးမြို့ လေ့ကျင့်ရေးကျောင်း အဋ္ဌမတန်းမှ မောင်ဝေယံသိန်းထွန်းအား မောင်အောင်ခန့်ဘွား ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ခန့်ဘွား။

အမည်ပြောင်း

ဦးဇော်၏ သမီးဖြစ်သူ အထက (၁) ပြည် နဝမတန်း(C) မှ မသီရိဝင်းဇော်အား မသီရိဟံသာဟု ပြောင်းလဲခေါ်ပါရန်။ **မသီရိဟံသာ။**

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် ချယ်ရီလမ်း အမှတ် ၅၄နေ ဦးမောင်မောင်နှင့် ဦးစံထွန်းမှ တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် ခွာညိုလမ်း အမှတ် ၁၄၈နေ ဒေါ်ခမ်း ၁၃/တကန(နိုင်)၀၁၂၁၈၀ အား လွှဲအပ်ထားသော ၁၂-၁-၂၀၀၇နေ့စွဲပါ စာချုပ်အမှတ် ၂၇/၂၀၀၇အား ယနေ့မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။ **ဦးမောင်မောင်၊ ဦးစံထွန်း။**

အမည်ပြောင်း

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာ တိုက်(၆)၊ အခန်း(၄) နေ(အဖ) ဦးကျော်စိန်၏သား မောင်မိုးဟန်ဟန် ၁၂/လမတ(နိုင်)၀၀၀၁၃၃ အား ကိုမိုးဟန် ခေါ်ရန်နှင့် မောင်လှမျိုးမင်း ၁၂/လမတ(နိုင်)၀၀၁၂၀၈ အား ကိုပြည့်မင်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ကိုမိုးဟန်၊
ကိုပြည့်မင်းနိုင်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အနောက်မရမ်းကုန်း အထည်စက်ရုံအမှတ်(၈) စက်ပစ္စည်းများ အကြီးစားပြုပြင်မွမ်းမံရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အနောက်မရမ်းကုန်း အထည်စက်ရုံအတွက် အောက်ပါစက်များအား မြန်မာကျပ်ငွေဖြင့် အကြီးစားမွမ်းမံရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်-

(က)	Renovation of Shuttle Loom	30 Nos
(ခ)	Renovation of Jigger M/C	4 Nos
(ဂ)	Renovation of Knitting M/C	2 Nos
(ဃ)	Renovation of Warper M/C	1 Nos
(င)	Renovation of Cone Windor M/C	1 Nos

၂။ **တင်ဒါဝယ်ယူရမည့်နေရာ** - အနောက်မရမ်းကုန်းအထည်စက်ရုံ အမှတ်(၈) ၇မိုင်၊၇ဖာလုံ၊ ရန်ကုန်-အင်းစိန်လမ်း၊ ကုလားကျောင်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်း။

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်-** ၂၀၀၇ခုနှစ် မတ်လ ၂၆ရက်၊ ၁၃:၀၀နာရီ

မှတ်ချက်။ အသေးစိတ်အကြောင်းအရာများအား တယ်လီဖုန်းအမှတ်-၀၁-၆၆၁၃၀၅၊ ၀၁-၆၆၀၄၁၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါခေါ်ရက်	တင်ဒါပိတ်ရက်
1.	Flat Sheet Steel Mould(Ks/F.E)	500 Nos	26-3-2007	10-4-2007
2.	Spares Parts For Diesel Engine Generator (500KVA) (Ks/F.E)	31 Items	26-3-2007	10-4-2007
3.	Steel Wire Mesh & Nylon Cloth (Ks/F.E)	2 Items	26-3-2007	10-4-2007
4.	Carbide Disc (Ks /F.E)	6 Nos	26-3-2007	10-4-2007

အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန၊ အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း ၊ ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန်တယ်လီဖုန်းအမှတ်-၅၆၆၂၉၂၊ ၅၆၂၀၃၈)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

ကျေးဇူးဆပ်ပါမည် ကျွန်တော် မောင်မောင်လွင်၏ နိုင်ငံကူးလက်မှတ် အမှတ် ၆၅၄၆၉၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **တစ်ဆင့်ဖုန်း- ၅၄၉၈၂၀။**

INVITATION FOR TENDER

(TENDER NO. 22(T)MPE/HSD (17) 2006-2007)

1. Sealed Tenders are invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of High Speed Diesel Oil(24,000 ± 10%) Metric Tons. (Gas Oil Regular 0.5%)
2. Tender Closing Date : (29-3-2007) at (12:00) hrs noon.
3. Tender Opening Date : (29-3-2007) at (13:00) hrs noon.
4. Delivery Time : Within May 2007
5. Tender Documents and detail information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing (23-3-2007) on payment of the One Hundred (100) FEC per set.
6. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise.

မတ် ၉ ရက်က ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယက ကျောင်းတော်၌ သီတင်းသုံးတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် ဆရာတော်ကြီးများအား မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ) - ဒေါ်ခင်ခင်စိန် (စိန်ရတနာရွှေဆိုင်) မိသားစုတို့က နိစ္စဘတ်(ရာသက်ပန်)ဆွမ်း၊သင်္ကန်း၊ထီး၊ ဖိနပ်နှင့် ဆေးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဆောက်လုပ်ပြီးစီးမှု

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ပြွန်တန်ဆာဈေးအတွင်း လေးခန်းတွဲ ရေလောင်းအိမ်သာ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို မတ် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်လွင်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ကြာညှပ်ကျေးရွာနှင့်မြင်သာကျေးရွာ မြစ်ရေတင်ဖွင့်

သပိတ်ကျင်း မတ် ၂၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာနှင့် မြင်သာကျေးရွာ မြစ်ရေတင်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ရက်နံနက် ၁၀နာရီက ကြာညှပ်ကျေးရွာ ဖွင့်ပွဲမှခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြစ်ရေတင်လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူကျေးရွာသားများကိုယ်စား ကြာညှပ်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင် ဒေါ်ပပထွန်းနှင့် မြင်သာကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ကေသွယ်ထွန်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မြစ်ရေတင်ဖွင့်ပွဲမှခ်ဦးကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်၊ ကြာညှပ်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် မြင်သာကျေးရွာဥက္ကဋ္ဌ ဦးပြုံးချို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖူလုံစွာ

ကြာညှပ်ကျေးရွာနှင့် မြင်သာကျေးရွာမြစ်ရေတင် ရေပေးရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မြစ်ရေတင် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးသည့်အတွက် ကြာညှပ်ကျေးရွာနှင့်မြင်သာကျေးရွာတို့တွင် သန့်ရှင်းသော သောက်သုံးရေ ရာနှုန်းပြည့်ဖူလုံစွာ ရရှိနိုင်ပြီဖြစ်သည်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဟယ်လင်းနစ်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၇ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာကော့စ်တပ်စ်ကာရာမန်လစ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကား ပြောကြား

၂၀၀၇ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၀၇ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် မတ် ၂၄

တီဘီရောဂါကင်းဝေးဖို့ အားလုံးမနေးဆောင်ရွက်ဖို့ (TB Anywhere is TB Everywhere) ဆောင်ပုဒ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမျိုးသား ကျန်းမာရေးကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နေပြည်တော် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက တိုင်းမှူး၏ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်ဌာနမှူးများ၊ ဆေးရုံအုပ်

စာမျက်နှာ ၃ ကော်လံ ၁

တပ်မတော်ပန်းခြံသို့ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေနိုင်

နေပြည်တော် မတ် ၂၄

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံအား မတ် ၂၇ရက် (တပ်မတော်နေ့)တွင် မွန်းတည့် ၁၂နာရီမှ ည ၉နာရီအထိ လည်းကောင်း၊ မတ် ၂၈ရက်မှ မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၇နာရီမှ ည၉နာရီအထိလည်းကောင်း ဖွင့်လှစ်ထားမည်ဖြစ်ရာ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

၂၅-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မြန်မာ့အလင်း (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

သမိုင်းအစဉ်အလာကောင်းသည့် တပ်မတော်

ဖိုးရန်နိုင်(ကျောက်ကြီး)၏ကဗျာ

(စာ-၅)

မျိုးချစ်တပ်မတော်

ရဲမင်းထက်၏ ကာတွန်း

(စာ-၅)

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

ခေတ်မီတပ်မတော် တည်ဆောက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်

ခေတ်မီတပ်မတော်ဖွဲ့စည်းရေး၏ အဓိကရည်မှန်းချက်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဆောင်ရွက်နေခြင်းသာဖြစ်သည်။

ကြယ်ဖြူ၏ဆောင်းပါး (စာ ၄ နှင့် ၅)